မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် ဧပြီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၀)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ၂၄-၁၀-၂၀၂၆၊ စနေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဓမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

ဒုတိယသမ္မတ ဦးညီစော ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ☆



ဒုတိယသမ္မတ ဦးညီစော ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာအညွှန်း

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် ၅၂ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

စာမျက်နှာ ၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သင်တန်းဆင်းပွဲများ ကျင်းပ

စာမျက်နှာ ၁၀

၂၁ ရာစုအတွင်း ဥရောပပြိုင်ပွဲများတွင် အိမ်ကွင်း ၁၂ ပွဲဆက် အနိုင်ရရှိသည့် မှတ်တမ်းတစ်ရပ် အက်စတွန်ဗီလာအသင်းပိုင်ဆိုင်

စာမျက်နှာ ၁၁


ဝါလကင်းလွတ်၊ သီတင်းကျွတ်ပွဲတော် (ဆောင်းပါး)

စာမျက်နှာ ၁၄

လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အောက်တိုဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ စာမျက်နှာ ၃ သို့ ❖



ပြည်-ပုဂံရထားလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတားပြုပြင်ပြီးစီး၍ အမှတ်(၆၁) အဆန်၊ (၆၂) အစုန် ရန်ကုန်-ပြည်-ပုဂံ ရထားခရီးစဉ်များပြန်လည်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးဆင်းမှုကြောင့် ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်း တောင်တွင်းကြီးမြို့နယ် ဝက္ကသေးနှင့်ဆတ်သွားဘူတာအကြား မိုင်တိုင်အမှတ် (၂၄၄/၀)နှင့် (၂၄၄/၃)ရှိ တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူး ရထားလမ်းတံတား ရေလယ်တိုင်အမှတ်(၂)နှင့် (၃)တို့ နိမ့်ကျွံမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တံတားရေလယ်တိုင်များ နိမ့်ဆင်းမှုကြောင့် အမှတ်(၆၁)အဆန် ရန်ကုန်-ပြည်-ပုဂံနှင့် အမှတ်(၆၂)အစုန် ပုဂံ-ပြည်-ရန်ကုန် လူစီးအမြန်ရထားခရီးစဉ်များ ယာယီရပ်တန့်ခဲ့ရပြီး တံတားကို ပြန်လည်ပြုပြင်နေစဉ် ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် စာမျက်နှာ ၃ သို့ ✻

ဘားအံမြို့၌ စိုက်ပျိုးရေးကို အခြေခံသော ခရီးစဉ်တစ်ခုအဖြစ် Kawt Ma Yan Resort ကို မကြာမီဖွင့်လှစ်မည်



ဘားအံ အောက်တိုဘာ ၂၃

ကရင်ပြည်နယ် ဘားအံမြို့၌ စိုက်ပျိုးရေးကိုအခြေခံသော ခရီးစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော Kawt Ma Yan Resort သည် ယခုအခါ ဧဂျ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ပြီး မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Kawt Ma Yan Resort သည် ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာတွင်တည်ရှိပြီး ဒေသဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာစေရေး၊ စာမျက်နှာ ၃ သို့ ○

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ စနေနေ့။

မြန်မာ့အလင်းသတင်းစာ

ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ တက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ သင်တန်းဆင်း ဆရာ၊ ဆရာမ ဦးရေစုစုပေါင်း ၁၄,၆၉8 ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(8)မှ ကျောင်းသား၊ ကျောင်းသူများကဩဝါဒခံယူပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ အိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပပြုလုပ်သည်။

နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကားပြောကြားရာတွင် မောင်တို့၊ မယ်တို့အနေဖြင့်လည်း မကြာခင်သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာရပ်ဆိုင်ရာအသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး တာဝန်ကျရာဒေသမှ ကျောင်းသားလူငယ်များ၏အနာဂတ်ကို ပုံဖော်ပေးကြရန် မှာကြားလိုကြောင်း၊ ဆရာ၊ ဆရာမဟူသည်မှာ စာသင်ပေးရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကိုပါ ပုံဖော်ပေးရသူများဖြစ်သည်ကို အမြဲသတိပြုကြစေလိုပြီး မောင်တို့၊မယ်တို့သည် အိုးထိန်းသည်များပင်ဖြစ်ပါကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသည် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ ပညာရေးအသုံးစရိတ်များပါ ထည့်တွက်မည်ဆိုပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုရန်ခွင့်ပြုပေးထားကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်ရန်၊ နောက်တစ်နှစ်ကျော်တွင် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်လျာထားပြီး မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်သည့် ကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်းကို အသိပေးလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်က ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရေး၊ အလယ်တန်းပညာပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အထက်တန်းကျောင်းများတွင် ဆက်လက်သင်ယူနိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ အထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရေးနှင့် အရည်အချင်းပြည့်မီသူများကို တက္ကသိုလ်အဆင့်အထိ ဆက်လက်ပညာသင်ယူနိုင်ရေးတို့ကိုလည်း ဖော်ဆောင်ပေးလျက်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသည့် လူငယ်များကိုလည်း သင့်လျော်သည့်အတန်းတွင် ပြန်လည်ပညာသင်ယူနိုင်ရေး ကျောင်းပြင်ပပညာရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်လေးစားမှု၊ ယုံကြည်မှုနှင့်စည်းလုံးညီညွတ်မှုများကို တည်ဆောက်ကြရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလေးစားပြီး အပြန်အလှန် ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ရေးသားလိုက်ရပေသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ပါမောက္ခဒေါက်တာ မျိုးသက်တင်	ညွှန်ကြားရေးမှူးချုပ်
	ပါမောက္ခချုပ်	ကျန်းမာရေးလူ့စွမ်းအား
	ဆေးတက္ကသိုလ်(မန္တလေး)	အရင်းအမြစ်ဦးစီးဌာန
	ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန	ကျန်းမာရေးဝန်ကြီးဌာန
	ကျန်းမာရေးဝန်ကြီးဌာန	
(ခ)	ဒေါ်လဲ့လဲ့အေး	ညွှန်ကြားရေးမှူးချုပ်
	ညွှန်ကြားရေးမှူးချုပ်	ပြည်ထောင်စုဝန်ကြီးရုံး
	ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်	ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
	ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ နိုင်နိုင်လတ်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

စိုက်ပျိုးရေးရရှိရေး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မချမ်းဘော့ အောက်တိုဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပူတာအိုခရိုင်၊ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အင်ဘူးဘော့ကျေးရွာရှိ စိုက်ပျိုးရေးရရှိရေး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်း ဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်း၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက အဆိုပါကျေးရွာစိုက်ပျိုးရေးရရှိရေးရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့ဦးစီးမှူး ဦးကျော်နိုင်မင်းက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ရေရှည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

အင်ဘူးဘော့ကျေးရွာ၌ စိုက်ပျိုးရေးရရှိရေး ၂ လက်မ PVC အရှည်တစ်မိုင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Ultimate Concept Construction Co.,Ltd. ကုမ္ပဏီက ယခု ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၇၀၅ သန်းဖြင့် သြဂုတ်လ ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ စိုက်ပျိုးရေးဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

သမဝါယမကောလိပ်(မန္တလေး)၌ သမဝါယမပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပုသိမ်ကြီး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ သမဝါယမကောလိပ်(မန္တလေး)၏ သမဝါယမပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကောလိပ်ရှိ ရန်ကင်းခန်းမ၌ ကျင်းပရာ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ တိုင်းဒေသကြီးအသင်းစုချုပ်ဥက္ကဋ္ဌ၊ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးနှင့် ဆရာ၊ ဆရာမများ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီးက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးမည့် အကြောင်းအရာများ တင်ပြမှုအပေါ် အမေး၊ အဖြေကဏ္ဍဖြင့် ဆွေးနွေးခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အစီအစဉ် ဒုတိယပိုင်းတွင် အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အဖွဲ့လိုက်ဆွေးနွေးမှုရလဒ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးမှုရလဒ်များ အတည်ပြုကြေညာပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေရုန်ကင်း



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရွှေဖုံးမှ

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်အရ ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအောက်တွင် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် ဆပ်ကော်မတီ (၁၀)ခုကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ အဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတက လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို ချမှတ်ပေးခဲ့ကြောင်း။

အဆိုပါ ဦးတည်ချက်(၄)ရပ်မှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပေါ် အခြေခံပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အစဉ်ရှေးရှုဖော်ဆောင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူနှင့် အစိုးရသည် မဆုတ်မနစ်သည့်ဇွဲလုံလမျှားနှင့် လက်တွဲညီညီဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝံ့ကြွားနိုင်သော နိုင်ငံတစ်ခုဖြစ်လာစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်ကြောင်း။

ဆွေးနွေးတင်ပြ

လွတ်လပ်ရေးနေ့အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဆပ်ကော်မတီများမှ တာဝန်ရှိသူအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ယခင်နှစ်များက တွေ့ကြုံခဲ့ရသည့် အားနည်းချက်များနှင့် အားသာချက်များအပေါ် ပြန်လည်သုံးသပ်ပြီး လစ်ဟာမှုမရှိဘဲ ကျင်းပနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသော ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၇ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**ကို မှတ်ပုံတင်အမှတ် (၂)၊ ၂၄-၄-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ်(၇/၂၀၂၃)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**က ၁၆-၁၀-၂၀၂၆ ရက်စွဲပါစာအမှတ်၊ ၂၊ မပတ (ပဖ)၊ ၎၄ခ၊ မပဒ ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် ပါတီဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အတူ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၂-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၂၈/၂၀၂၆)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၌ပဒေပုဒ်မ ၂၀ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုအား ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုလွတ်တော်နာယက အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဇွေး ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံ

မင့်စ် အောက်တိုဘာ ၂၃

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင် ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွတ်တော်နာယက အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဇွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုလွတ်တော်နာယကက နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ရန် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ သံခင်းတမန်ခင်း နည်းပရိယာယ်ကြွယ်ဝမှုများက မိမိတို့နိုင်ငံအကျိုးစီးပွားကို ပိုမိုဖော်ဆောင်ရန်များစွာ အထောက်အကူပြုပါကြောင်း၊ ထို့ကြောင့် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းစိုက်ထုတ်၍ မိမိတို့နိုင်ငံတော်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ သံရုံးမိသားစုများအနေဖြင့် စည်းလုံးစွာ နေထိုင်ပြီး လိုအပ်သည်များရှိလာပါက တစ်ဦးပေါ် တစ်ဦး ကူညီကြရန်လိုအပ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ ပညာသင်ကြားရေးသည် ကမ္ဘာ့အဆင့်မီပညာရေးစနစ်တစ်ခု ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးလျက်ရှိကြကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားနေသည့် သင်တန်းသားများအနေဖြင့် မိမိတို့သင်ကြားနေသည့် ဘာသာရပ်များကို မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်လည်အသုံးချနိုင်အောင် စနစ်တကျ သေချာလေ့လာသင်ယူကြစေလိုကြောင်း။

သင်တန်းသားများသည် မိမိတို့၏ မိသားစုများနှင့် ခွဲခွာနေထိုင်နေပြီး လာရောက်ပညာသင်ကြားနေခြင်းဖြစ်သည့်အတွက် အချင်းချင်းကူညီရိုင်းပင်းပြီး မိသားစုကဲ့သို့ စည်းလုံးညီညွတ်စွာ နေထိုင်ကြစေလိုကြောင်း၊ ပညာသင်ကြားနေထိုင်စဉ်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံ၏ ဥပဒေ၊ စည်းကမ်းများကိုလိုက်နာဆောင်ရွက်သွားကြရန် အထူးမှာကြားလိုပါကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုလွတ်တော်နာယကက သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွတ်တော်နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ် လွတ်တော်ကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

သတင်းစဉ်

❖ လေဖိအားနည်းရပ်ဝန်းမှ

အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိသာပြည်နယ် တောင်ပိုင်းကမ်းခြေတို့သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

✱ ပြည်မှ

ရန်ကုန် - ပျဉ်းမနား - တောင်တွင်းကြီးမှ တစ်ဆင့် ပုဂံသို့ ယာယီလမ်းကြောင်း ပြောင်းလဲပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန် - ပြည် - ပုဂံ ရထားလမ်းပိုင်းတွင် ရထားများပြန်လည်ပြေးဆွဲနိုင်ရန် ရန်ပယ်ချောင်း တံတားပြုပြင်ခြင်းနှင့် အတူ ရန်ကုန် - ပြည် ရထားလမ်းပိုင်းနှင့် ပြည် - အောင်လံ - ဆတ်သွား - တောင်တွင်းကြီး - ပုဂံ ရထားလမ်းပိုင်းတို့အား ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဖြစ်သည့် ကွန်ကရစ်ဇလီဖာတိုးဖြည့်တင်းခြင်း၊ လမ်းခင်းကျောက်ထည့်သွင်းခြင်း၊ လမ်းမြှောက်ပက်ကင်ရိုက်ခြင်းများဆောင်ရွက်ခဲ့ပြီး ရေတိုက်စားခံရသည့် ရထားလမ်းနှင့်တံတားများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။

ယခုအခါ အရှည်ပေ ၄၀၀ ရှိကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သော ရန်ပယ်ချောင်းတံတား၏ နှိမ့်ကျွမ္ဘဖြစ်ပွားခဲ့သော ရေလယ်တိုင်အမှတ် (၂)နှင့် အမှတ်(၃)တို့ကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများပြီးစီးပြီး စမ်းသပ်မောင်းနှင်မှုများ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ရန်ကုန် - ပြည် - ပုဂံ ရထားလမ်းပိုင်း ခရီးစဉ်များကို အောက်တိုဘာ ၂၃ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိကာ လမ်းခရီးတွင်ရပ်တန့်ဘူတာနှင့် လက်မှတ်ခန့်နှိုးထားများမှာ ယခင်အတိုင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

❍ ဘားအံမှ

ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်စေရေးနှင့် စိုက်ပျိုးရေးကိုအခြေခံသော ခရီးစဉ်တစ်ခု ဖြစ်လာစေရေးတို့ကို ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးပြီး Resort ဖွင့်လှစ်ပါက ခရီးသွားဧည့်သည်များအနေဖြင့် ကိုယ်တိုင်လယ်ယာထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ စပါးခင်းများအကြား အပန်းဖြေအနားယူခြင်းတို့ ဆောင်ရွက်နိုင်မည့်အပြင် ခြေလျင်တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ လေလှော်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Kawt Ma Yan Resort တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

■

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ်းထိန်း တမံ/ခံရံများ ဆောင်ရွက်ပေးနိုင်ရေး၊ ကုန်သွယ်ခွန်များကောက်ခံနေမှုသိလိုခြင်း၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ရန်ပုံငွေပို့များချထားပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **ညောင်တုန်းမြို့၏ ကမ်းနားလမ်းတစ်လျှောက် ကမ်းထိန်း တမံ/ခံရံများအား မည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူဇာ ညောင်တုန်းမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ကမ်းနားလမ်း မြေသားမြို့ပတ်တာသာရှိပြီး ပန်းတာများကို မြို့အခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မြို့ပတ်တာရေတိုက်စားမှု၊ ကမ်းပြိုကျမှုမရှိစေရေးအတွက် ဦးစားပေးအလိုက် ဘိုးပိုင်အခြေပြု ကမ်းထိန်းခံရံတည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ရရှိသည့်ရန်ပုံငွေများဖြင့် အလျား စုစုပေါင်း ၃၇၉၅ ပေကို အဆိုင်အမာကာကွယ်ဆောင်ရွက်ထားရှိခဲ့ပါကြောင်း။ ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း ညောင်တုန်းမြို့လမ်း(၄၀)အနီး ရေလမ်းအသုံးပြုခအကောက်စခန်းအနီးတွင် ဘိုးပိုင်အခြေပြုကမ်းထိန်းတမံ အလျား ပေ ၂၅၀ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် စုစုပေါင်း ၄၀၄၅ ပေ ဆောင်ရွက်ပေးထားနိုင်မည်ဖြစ်ရာ ကျန်ရှိသည့် အလျားမှာ ၂၂၀၅ ပေ ဖြစ်ပါကြောင်း။

ညောင်တုန်းမြို့အဝင် ရေလမ်းကြောင်းပြောင်းလဲလာသည့် လက်ရှိအခြေအနေများအရ ပန်းလှိုင်မြစ်ဝကမ်းပါးများ ရေလယ်ကောင်တွင် သဲသောင်ပြင်ကြီးမားလာမှုကြောင့် ရန်ကင်းစံရာအနောက်ဘက်ကျွန်းနှင့် တိုးချဲ့ ၄ ရပ်ကွက်နေရာရှိ မြစ်ကမ်းပါးများ မြစ်ရေတိုက်စားကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိနေပါကြောင်း၊ အဆိုပါနေရာများတွင် မိုးရာသီအရေးပေါ်ကာကွယ်ရေးအနေဖြင့် Geotextile ကမ်းထိန်းတမံ အလျား ပေ ၁၀၀၀ နှင့် သံမဏိကြိုးဆိုင်းရေကာခြောက်ချောင်းတို့ ဆောင်ရွက်ပေးထားသဖြင့် ရေတိုက်စားကမ်းပြိုမှုမှ အထိုက်အလျောက် ကာကွယ်ပေးထားနိုင်ခဲ့ပါကြောင်း။ ညောင်တုန်းမြို့အဝင် ရေလမ်းကြောင်းအား တည်ငြိမ်သော ရေလမ်းကြောင်းဖြစ်ပေါ်စေရေး သဲအိတ်ခံကျောက်စီရေကာများဖြင့် ထိန်းသိမ်းပြုပြင်ခြင်းကိုလည်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရေနည်းကာလတို့တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ညောင်တုန်းမြို့ရှေ့တွင် ကမ်းထိန်းတမံအလျားပေ ၂၅၀ နှင့် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ပန်းလှိုင်မြစ်အစတွင် ညောင်တုန်းမြို့ဘက်ရေစီးကြောင်းကပ်၍စီးခြင်းမှ သက်သာစေရန် ရေလွှဲရေကာလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါကြောင်း။ ညောင်တုန်းမြို့အဝင် ရေလမ်းကြောင်းအား တည်ငြိမ်သောရေလမ်းကြောင်းဖြစ်စေရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ကျန်ရှိသည့်အပိုင်းအား နှစ်အလိုက်ဘဏ္ဍာငွေလျာထား၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေး၏ **အခြားအခွန်များအပြင် ကုန်သွယ်လုပ်ငန်းခွန်များကို မည်ကဲ့သို့**



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပစဉ်။

ကောက်ခံလျက်ရှိကြောင်း သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်ဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသည့် ရသင့်ရထိုက်သောအခွန်များ ပြည့်ဝစွာကောက်ခံရာတွင် "ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေခဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပြည့်ဝစွာကောက်ခံရရှိရေး" မူဝါဒကို လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကို လက်ရှိအချိန်ထိ တိုးမြှင့်ခြင်းမပြုဘဲ အခွန်လွတ်ကင်းမှုရှိနိုင်သည့် နယ်ပယ်များကိုဖော်ထုတ်၍ အခွန်အခြေခဲ့ထွင်ခြင်း၊ အခွန်အခြေခဲ့ထွင်ရာတွင်လည်း အခွန်ထမ်းအမျိုးအစားအလိုက် အခွန်အခြေခဲ့ထွင်ခြင်းနှင့် လုပ်ငန်းအမျိုးအစားအလိုက် အခွန်အခြေခဲ့ထွင်ခြင်းတို့ကို ဆောင်ရွက်၍ အခွန်ရငွေတိုးတက်စေရေးကိုသာ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ ပြည့်ဝစွာရရှိနိုင်ရေးအတွက် ရရှိသောအရင်းအမြစ်များကို အသုံးပြု၍ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် အခြားသောအခွန်များရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။ အခွန်စည်းကြပ်ကောက်ခံမှုများကို ခေတ်နှင့်အညီ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ်ခြောက်ထပ်ကွေ့တောင်လမ်းကြီးမှ ဝမ်ကောင်းကျေးရွာသို့ဆက်သွယ်သော အားခေဝမ်ကောင်းမြေသားလမ်းအား အဆင့်တိုးမြှင့်ခင်းပေးခြင်းကို မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အားခေဝမ်ကောင်းလမ်းသည် မိုင်းခတ်မြို့နယ် မိုင်းကာ(အရှေ့)အုပ်စု ခြောက်ထပ်ကွေ့လမ်းမကြီးမှ ဝမ်ကောင်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး မြေပြင်စိစစ်ချက်အရ မိုင်းခတ်-မိုင်းယန်းလမ်းမကြီး ခြောက်ထပ်ကွေ့မှ ဝမ်ကောင်းမိုင်-ဝမ်ကောင်း-ဝမ်ကန်-အားခေဝမ်ကောင်းကျေးရွာများသို့ ဆက်သွယ်ထားပြီး ၄ မိုင် ၄ ဖာလုံရှိရာ ထိုလမ်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ မြေလမ်း ၄ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ မြေလမ်း ၄ မိုင် ၄ ဖာလုံ တာခဲ့ခြင်း၊ ပေ ၅၀၀ ကျောက်စီရေခြောင်းနှင့် ၅ ပေ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အတက်အဆင်းမတ်စောက်သည့် ၁ မိုင် ၄ ဖာလုံအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြား သည်။

လွိုင်ကော်ခဲမဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော်မြို့နယ် သာယာရွာမှ နန်းနောက်ရွာအထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာအထိနှင့် နန်းနောက်ရွာမှ ရှမ်းပြည်နယ်နယ်စပ်အထိ မြေသားလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဝန်ကြီး ဗိုးမျိုးမြင့်က ကျောက်ဆည် - တံမိုး - ကျောက်ဆောက်ကုန်းလမ်းပိုင်းသည် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကျောက်ဆည်မြို့ကို ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိသည့် ပြည်ထောင်စုအဆိုးရင်းစီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း ၉ မိုင် ၄ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ စမုံတံတားအရှည်ပေ ၂၅၀ အပေါ် ကတ္တရာခင်းခြင်း၊ တံတားချွဲးကပ်လမ်းအဝင်၊ အထွက် အရှည် ပေ ၃၀၀ ကတ္တရာခင်းခြင်း၊ (၅ ပေ x ၂၄ ပေ) ကျောက်ကြီးစီ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၄ ဖာလုံကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် ဆက်လက်၍ ကျန်လမ်းပိုင်းများအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို နှစ်အလိုက်ဆက်လက်လျာထား သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ပုတောမြို့နယ် ဆောက်လုပ်ရေး လမ်း/တံတားများအတွက် ရန်ပုံငွေများအား ပိုမိုခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပုတောမြို့နယ်အတွင်း၌ ပုတောမြို့ ဟိုးကြီးကျွန်းမြို့နှင့် ငရုတ်ကောင်းမြို့တို့ပါဝင်ပြီး လမ်းမိုင်စုစုပေါင်း ၂၅၆မိုင် ၃ ဖာလုံတွင် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသော လမ်း နှစ်လမ်း၊ လမ်းမိုင် ၄၁ မိုင် ၅ ဖာလုံဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်း ၁၄ လမ်းသည် လမ်းမိုင် ၂၀၄ မိုင် ၆ ဖာလုံဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငပုတောမြို့နယ်အတွက် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃၀၆ သန်းနှင့် တိုင်းဒေသကြီးရန်ပုံ ငွေကျပ် ၂၅၄၆ သန်း စုစုပေါင်း ငွေကျပ် ၄၈၅၂ သန်းအား ခွဲဝေပေးထားပြီး လမ်း/တံတားတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် အရမြို့နယ်များ၏လိုအပ်ချက်များအပေါ် မူတည်ပြီး ဘဏ္ဍာငွေခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက **"နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"**ကို တင်သွင်းရာ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒသုလွှဲမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

★ စာမျက်နှာ ၂၄ မှ

ဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ (MICC-1) ရှိ နီလာခန်းမ၌ ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသား စောင်းအဖီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ "အိုသာတင့်ဆုံး (ယိုးဒယား)" သီချင်းဖြင့် မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသော အသံနွဲ့၊ အသံရွှင်းများကို စည်းနှင့်ဝါး မှန်ကန်စွာဖြင့် ဂီတရသပေါ်လွင်အောင်သာယာမြိန်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ မြခန်းမ၌ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသား အဆို (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး) ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ "မဟာ (ဇော်ဝင်းထွဋ်)" သီချင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် တိုင်းပြည်ချစ်စိတ် ပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံအနေအထား၊ အသံအနိမ့်အမြင့်၊ ဟန်ပန်မူရာအပြည့်ဖြင့် တက်ကြွစွာ သီဆိုယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အဖွဲ့များ၏ သေသပ်လှပသည့် မြန်မာ့ရိုးရာကကွက်၊ ဟန်ပန်အမူအရာများကို ပိုင်နိုင်သွက်လက်တက်ကြွစွာဖြင့် ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး စသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ ပုံရိပ်များ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။



















၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက် ဝိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်တင်ရေး"**တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ မြခန်းမ၌ ကျင်းပရာ အဆင့်မြင့် ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာ(ဇော်ဝင်းထွဋ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေအဆင်းနဲ့ ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)"သီချင်းဖြင့် လည်းကောင်း မြန်မာ့ဂီတ အနုပညာ၏ အနှစ်သာရနှင့် သီဆို့ပုစွန်းရည်များကို ဖော်ထုတ်တင်ဆက်ကာ အပြိုင်အဆိုင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော် တည်ခိုရေးစခန်း ဆင်ဖြူရင် ခန်းမ၌ ကျင်းပရာ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေအဆင်းနဲ့ ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)"သီချင်းဖြင့် လည်းကောင်း မြန်မာ့ဂီတ အနုပညာ၏ အနှစ်သာရနှင့် သီဆို့ပုစွန်းရည်များကို ဖော်ထုတ်တင်ဆက်ကာ အပြိုင်အဆိုင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော် တည်ခိုရေးစခန်း ဆင်ဖြူရင် ခန်းမ၌ ကျင်းပရာ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာ(ဇော်ဝင်းထွဋ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေအဆင်းနဲ့ ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)"သီချင်းဖြင့် လည်းကောင်း မြန်မာ့ရိုးရာ အကအစီ၊ စည်းချက်ဝါးချက်၊ ကဟန်အမူအရာနှင့် ကကြိုးကကွက်များကို ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးချကာသွက်လက်ညီညာပြီးကြေကွဲလှုပ်ရှားသည့် အကအလှများဖြင့် ယှဉ်ပြိုင်ကပြကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့် သီဆိုခြင်း) ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရုတခြာခန်းမ၌ ကျင်းပရာ ဝါးနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓနုဖူးမြို့ကြီး" (ဒွန်)သီချင်းဖြင့် လည်းကောင်း၊ "ဓောင်း" အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ နီလာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘာသစ်ကယ်လေကူး" ပတ်ပျိုးသီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းဆင့်ဆင့်တိုး" ပတ်ပျိုးသီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလားပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်) Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နန်းဘုံသီဟာဇွေ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိန်းလဲ့လဲ့"(ကြိုး)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်း အတီးပြိုင်ပွဲကို နေပြည်တော် တည်ခိုရေးစခန်း ပုဇွဲသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြိုင်ယံရွှေလျွံ" (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိန်းလဲ့လဲ့"(ကြိုး)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



ဓောတ်တော်ကြီးအဖွဲ့ လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိစူရ" ဓောတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု မင်းနိုင်စိုးဓောတ်သဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မဖြူစင်သွယ် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့်(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ သန့်ဇင်အောင် ယှဉ်ပြိုင်စဉ်။

စာမျက်နှာ ၇ သို့ ↗

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၃

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် Mini Theatre ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အတီး (ပတ္တလား) အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ပင်ရှင်းဗဟိုဌာန - ၁ နိုလာခန်းမ၌ ကျင်းပပြုလုပ်သည့် အတီး(စောင်း) အခြေခံပညာ (အသက် ၁၅ နှစ်မှ အသက် ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲနှင့် အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အတီး(ပတ္တလား) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဒေတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဒေတ်ရုံ၌ ကျင်းပရာ ဒေတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဇ္ဇရ" ဒေတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု "သုဝဏ္ဏသာမ" ဒေတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဒေတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဒေတ်ရုံ၌ ကျင်းပရာ ဒေတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဇ္ဇရ" ဒေတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု "သုဝဏ္ဏသာမ" ဒေတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသားအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်အာကာဟိန်း ယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဒေတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုပညာကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၆ မှ

ထို့နောက် ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်မိုးဆွေ" (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စက်လဲမျော်ပါနိုင်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နန်းဘုံသီဟာဗွေ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မြို့ပြပင်စင် ၆၃၄ ဦး၊ ကာကွယ်ရေး ပင်စင် ၁၈၂ ဦး၊ ရဲတပ်ဖွဲ့ပင်စင် ၄၉ ဦး၊ နိုင်ငံရေးပင်စင် ၆၇ဦးနှင့် မြန်မာ့စီးပွားရေးဘဏ် ပင်စင် ရှစ်ဦး၊ စုစုပေါင်း ပင်စင်စား အငြိမ်းစားဝန်ထမ်း ၉၄၀ ဦးရှိကြောင်း ကံမမြို့မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

(ဝဲပုံ)

ကျော်စေယျဝင်း(ကံမ)

အငြိမ်းစားဝန်ထမ်းများ၏ အောက်တိုဘာလအတွက် ပင်စင်လစာငွေများအား ပုံမှန်ထုတ်ပေး

ကံမ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ အောက်တိုဘာလအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ယမန်နေ့က စတင်၍ ထုတ်ပေးလျက်ရှိရာ ရပ်ကွက်ကျေးရွာများမှ ပင်စင်စားများအား ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့်လည်း မိသားစုဝင် တစ်ဦးဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စား ထုတ်ယူနိုင်ကြောင်း၊ ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၃၄ ဦး၊ ကာကွယ်ရေး ပင်စင် ၁၈၂ ဦး၊ ရဲတပ်ဖွဲ့ပင်စင် ၄၉ ဦး၊ နိုင်ငံရေးပင်စင် ၆၇ဦးနှင့် မြန်မာ့စီးပွားရေးဘဏ် ပင်စင် ရှစ်ဦး၊ စုစုပေါင်း ပင်စင်စား အငြိမ်းစားဝန်ထမ်း ၉၄၀ ဦးရှိကြောင်း ကံမမြို့မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။



အနာဂတ် ဘဝ လုံခြုံ စိတ်ချစေဖို့ အမှီက လျှောချကြပါစို့။

ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော်ဟုတ်ပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်အောင်စန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးက်ဖြင့်သန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ကန်တော်မင်္ဂလာခန်းမ၌ပြုလုပ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးက်ဖြင့်သန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ဒေသတွင်း ဈေးကွက်တည်ငြိမ်ရေး၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ မွေးမြူရေးဇုန်များ သတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် ကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာခရိုင်သို့ လာရောက်ရခြင်းမှာ နေပြည်တော် ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့ကို အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုကို ကြည့်ရှုစစ်ဆေးရန် လာရောက်ခြင်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ မိတ္ထီလာခရိုင်သည် လမ်းဆုံဗဟိုချက် ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများစွာရှိနေပါကြောင်း၊ မြို့ပြအင်္ဂါရုပ်နှင့်အညီ (Green City) စိမ်းလန်းစိုပြည်သော မြို့တော်ဖြစ်စေရေးအတွက် မြို့ပြခရီးယာအတွင်း အများပြည်သူများအနားယူရန် ပန်းခြံများ၊ လမ်းဘေး ဝဲ/ယာ အစိမ်းရောင်ဇုန်များနှင့် သစ်တောစိမ်းလန်းစိုပြည်ရေးကို တိုးမြှင့်လုပ်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရာသီဥတုပြောင်းလဲမှုကိုတုံ့ပြန်ရန်၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး စွမ်းအင်စနစ်စိစစ်ရန်၊ ရေအရင်းအမြစ်များ မပျက်စီးစေရန်နှင့် စွန့်ပစ်ရေများကို စနစ်တကျ ပြန်လည်သန့်စင်အသုံးပြုနိုင်ရေးတို့ကို ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရာသခ်ျာကျေးရွာအုပ်စုရှိ ဦးမြင့်နိုင်၏ အသားတိုးကြက်ကောင်ရေ ၆၉၀၀၀ မွေးမြူထားသောခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အသားတိုးကြက်များအား အလုံပိတ်အဆောင်နှင်းစနစ်များဖြင့် စနစ်တကျမွေးမြူထားရှိပုံနှင့် ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးခြံအတွင်း သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ထားရှိရန်၊ အပုဆိုးဖိထိန်းချုပ်မှုစနစ်များ၊ ဆိုလာစနစ်များ၊ အအေးပေးစနစ်များ စဉ်ဆက်မပြတ်ကောင်းမွန်စေရေး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရွှေတောင်ကျေးရွာရှိ မြေပဲ ပန်းတိုင် အထွက်နှုန်းရရှိရေး ဇကာ ၂၀ စံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစွာ စိုက်ပျိုးကြရန်နှင့် မျိုးကောင်းမျိုးသန့် ရရှိရေး မျိုးစေ့အလိုက် သုတေသနပြုလုပ်စိုက်ပျိုး၍ တောင်သူများအား နည်းပညာနှင့် မျိုးစေ့များကို ဆက်လက်ဖြန့်ဝေပေးရန် မှာကြားကာ ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘုရားဖြူကျေးရွာရှိ ဆိုလာရေတင်စနစ်လုပ်ငန်းသို့ သွားရောက်၍ အကျိုးပြုဇကာ ၄၅၀ အတွက် ဆိုလာရေတင်စီမံကိန်းဆောင်ရွက်နေမှု၊ ရေတင်စီမံကိန်းဆောင်ရွက်ပြီးစီးပါက တိုးတက်စိုက်ပျိုးလာနိုင်မည့် သီးနှံအခြေအနေများ၊ မိတ္ထီလာဒေသ ဝမ်းတွင်းမြို့နယ်အတွင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် လျာထားသည့် ရေတင်စီမံကိန်းအခြေအနေများ တင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်း(၁)ရပ်ကွက်ရှိ ပိုးပြီးချို အထည်ချုပ်လုပ်ငန်းသို့ သွားရောက်၍ စက်ယန္တရားများဖြင့် ချည်ထည်ရက်လုပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ချည်ထည်များအား ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း ကောင်း၊ မိတ္ထီလာစက်မှုဇုန်ရှိ ရွှေပြည်စိုးဆီစက်သို့ သွားရောက်၍ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းတို့အား စားသုံးဆီအဖြစ် စက်ယန္တရားများဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တောမကျေးရွာရှိ ဦးခင်မောင်ဝင်း၏ နို့စားနွားမွေးမြူရေးခြံ၊ ရွှေပန်းတိုင် ဇက ၂၀၀ မွေးမြူရေးဇုန်၊ ဆူးဖြူကွက်ကျေးရွာရှိ ဦးမျိုးသန့်နိုင်၏ ဆိတ်မွေးမြူရေးခြံနှင့် ဒေါ်ဝင်းသီတာထွန်း၏ ဆိတ်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇက ၂၀၀ မွေးမြူရေးဇုန်အား သတ်မှတ်လျာထားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မွေးမြူရေးဇုန်အတွင်း ကုန်ထုတ်လမ်းများ စနစ်တကျဖောက်လုပ်ရေး၊ ဒေသတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ပတင်သွင်းဆီ အစားထိုးထုတ်လုပ်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၂၃

ပြည်ပတင်သွင်းဆီအစားထိုးထုတ်လုပ်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဦးသိန်းဌေး၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယတိုင်းဦးစီးမှူးနှင့် ဌာနမှတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(CTQM၊ လှည်းကူး) လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဦးသိန်းဌေးက အဖွင့်အမှာစကား ပြောကြားရာတွင် ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ပြည်တွင်းဆီဖူလုံမှုရှိစေရေး၊ ဒေသတွင်းဆီစက်များ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ပြီး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ အသေးစား၊ အလတ်စား (MSME) ဆီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသည့် စားသုံးဆီများကို ပြည်သူများ လက်ဝယ်ရောက်ရှိစေရေးနှင့် ပြည်တွင်းဆီဈေးကွက်ခိုင်မာရေး စသည့် အချက်အလက်များကို ပိုင်းဝန်းစဉ်းစားဆွေးနွေးနိုင်မည်ဟုမျှော်လင့်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးအရည်အသွေးမြင့် ဆီချောများ ထုတ်လုပ်နိုင်ရေး၊ ဆီစက်များအားလုံးမှလည်း ဆီစက်လုပ်ငန်းကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လိုအပ်သောကုန်ကြမ်းများ ရရှိရေးနှင့် လျှပ်စစ်ရရှိမှုပေါ်မူတည်၍ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ လိုအပ်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ဆီစက်များ ချေးငွေရရှိစေရေး စသည့် အချက်များကိုလည်း ထည့်သွင်းဆွေးနွေးပေးလိုကြောင်း၊ ပြည်ပတင်သွင်းဆီအစားထိုးစားဆီများ ထုတ်လုပ်နိုင်ရန် ဆီစက်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆီစက်များအတွက် လျှပ်စစ်စွမ်းအင်ရရှိမှု ဦးစားပေးလိုအပ်သလို လုပ်ငန်းရှင်များအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား အဓိကအားထားနေရခြင်းထက် ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးစနစ်ဖြင့် စဉ်ဆက်မပြတ်လုပ်ငန်းလည်ပတ်နိုင်ရေးဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက ဆီစက်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအလုပ်ရုံဆွေးဆွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးသိန်းက "စားသုံးဆီဖူလုံဖို့ လှည်းကူး) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိချောက ကုန်းမာရေးအတွက် ထိန်းသိမ်းရမည့် စားသုံးဆီအရည်အသွေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်အောင်က မြန်မာ့စားသုံးဆီကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်အသင်း ဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ဆီစက်လုပ်ငန်းများနှင့်ပက်သက်၍လည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဗဟိုဘဏ်၊ MCB Bank၊ A Bank၊ AYA Bank စသည်တို့၏ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများနှင့်ဆီလုပ်ငန်းရှင်များက ဆီထုတ်လုပ်မှုလုပ်ငန်းနှင့် ပက်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

o-o-o-o-o

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် ၅၂ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ၅၂ ဦးတို့သည် လက်နက်မျိုးစုံ ၂၃ လက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး၊ လိပ်သိုမြို့မှ အမျိုးသမီးတစ်ဦး၊ ဆင်လန်မြို့မှ အမျိုးသားနှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး၊ ကညွတ်ကွင်းမြို့မှ အမျိုးသားနှစ်ဦး၊ နတ္တလင်းမြို့မှ အမျိုးသားလေးဦး၊ ညောင်လေးပင်မြို့မှ အမျိုးသားလေးဦး၊ ပြည်မြို့မှ အမျိုးသားတစ်ဦး၊ မင်းလှမြို့မှ အမျိုးသားတစ်ဦး၊ တောင်ငူမြို့မှ အမျိုးသားလေးဦးနှင့် KNLA အဖွဲ့မှ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၅၂ ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငိုင်းတိုင်း စစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့်ငှင်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေးစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 သေနတ်တစ်လက်၊ MA-1 သေနတ်တစ်လက်၊ MA-3 သေနတ် တစ်လက်၊ MA-4 သေနတ်တစ်လက်၊ လက်လုပ်ဗျောင်းချောသေနတ် တစ်လက်၊ MA-11 သေနတ် တစ်လက်၊ AR-9 သေနတ်တစ်လက်၊ AK-9 သေနတ်တစ်လက်၊ M4 ကာဘိုင် သေနတ်တစ်လက်၊ လက်လုပ် သေနတ် သုံးလက်၊ ရိုင်ဖယ် သေနတ် တစ်လက်၊ ကာဘိုင် သေနတ်နှစ်လက်၊ ပစ္စတို့သေနတ် လေးလက်၊ ခြောက်လုံးပြူး သေနတ်တစ်လက်၊ M 79 ဗုံးပစ် လောင်ချာတစ်လက်၊ လက်လုပ် သေနတ်တစ်လက် စုစုပေါင်း ၂၃ လက်၊ လက်ပစ်ဗုံးရှစ်လုံး၊ ကျည်အိမ်ကိုးခု၊ ကျည်မျိုးစုံ ၂၀၇ တောင့်၊ ပလတ်စတစ်နင်းမိုင်း တစ်လုံး၊ ၄၀ မမဗုံးသီး နှစ်လုံး၊ ကျည်ကာဦးထုပ် တစ်လုံးနှင့် စကားပြောစက် ရှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၁၀ လက် အတွက် ဆုကြေးငွေကျပ် သိန်း ၅၀၀၊ လောင်ချာနှစ်လက်အတွက် ဆုကြေးငွေ ၁၅၀၊ ပစ္စတိုလေး လက်နှင့် ခြောက်လုံးပြူးတစ်လက် အတွက် ဆုကြေးငွေ သိန်း ၁၀၀၊ လက်လုပ်သေနတ် ခြောက်လက် အတွက် ဆုကြေးငွေ သိန်း ၃၀၊ လက်ပစ်ဗုံး ရှစ်လုံး၊ ၄၀ မမ ဗုံးသီး နှစ်လုံးနှင့် နှင်းမိုင်းတစ်လုံး အတွက် ဆုကြေးငွေကျပ် ၃၃ သိန်း၊ စကားပြောစက်ရှစ်လုံးနှင့် ကျည်ကာဦးထုပ် တစ်လုံးတို့ အတွက် ဆုကြေးငွေ ၁၈ သိန်း၊ စုစုပေါင်း ဆုကြေးငွေကျပ် ၈၃၁ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၅၂ ဦးအတွက် ဆုကြေးငွေကျပ် ၅၂ သိန်း၊ စုစုပေါင်းဆုကြေးငွေကျပ် ၈၈၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကိုယ်စား ကိုယ်စား လှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခဲ့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြားမှု အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲမှု၊ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား အတိုင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများ ကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်က KNLA တပ်မဟာ(၆) စစ်ကြောင်း COBRA-1 ကပ။ စတင်ဝင်တုန်း ကတော့ ကင်းတွေစောင့်ရတယ်။ လူကြီးနောက်ကို လိုက်ရတယ်။ သူတို့က အပြောနဲ့အလုပ်နဲ့ မညီဘူး။ မတူဘူးဗျ။ မကိုက်ညီလို့ အဲဒါကြောင့် အလင်းပြန်ဝင်လိုက်တာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့သူတွေကိုလည်း အလင်းဝင်ဖို့ ကျွန်တော့် အနေနဲ့ဖိတ်ခေါ်ပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။

၂။ ကျွန်တော်က KNLA တပ်မဟာ(၆)ကပါ။ ကျွန်တော်တို့က ကင်းစောင့်၊ ထမင်းချက်၊ ထင်းခွေတာတွေ လုပ်ရပါတယ်။ တစ်ခါတလေကျတော့ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်ရပါတယ်။ အခုလိုအလင်းဝင်ဖို့ ဆုံးဖြတ်ခဲ့တာကလည်း တိုက်ပွဲအတွေ့အကြုံတွေများလာတဲ့ အလျောက် ဒုက္ခတွေကလည်း ရောက်တယ်။ နောက်ပြီးတော့ စားဝတ်နေရေးလည်း ဒုက္ခရောက်တယ်။ နောက်ပိုင်းဘယ်လိုဖြစ်လာလည်း ဆိုတော့ တပ်ဖွဲ့ဝင်တွေကလည်း စုစည်းမှုမရှိတော့ဘူး။ စုစည်းမှုမရှိတဲ့အခါကျတော့ အကုန်လုံး လက်ရှိအဖွဲ့လေးနဲ့ တိုင်ပင်ပြီး ကြောင့် တောထဲမှာရှိကြတဲ့ ညီအစ်ကိုမောင်နှမများအားလုံး၊ လက်နက်ကိုင် အဖွဲ့အစည်းအားလုံး တပ်မတော်နဲ့ပူးပေါင်း ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ကို အခုလို နွေးထွေးစွာ လက်တွဲခေါ်ယူတဲ့ အတွက်ကြောင့် နိုင်ငံတော်အကြီး အကဲများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ကျွန်တော် ဒီနေရာကနေ ပြောလိုပါတယ်။

သတင်းစဉ်



၁



၂



၃

အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပုသိမ်ကြီး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက စ၍ ပြည်ထောင်စုအဆင့် အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ) ရွှေရန်ကင်း**



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက် စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)မှသင်တန်းသားများကိုကြွနိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

သင်တန်းသား - ၁

အစတုန်းကတော့ အရပ်သားဘဝကနေ စတင်ကူးပြောင်းလာတာဖြစ်တဲ့အတွက် ဘာမှသိပ်မသိဘူးဆိုပေမယ့် ဒီကဗိုလ်လေးတွေ၊ နည်းပြတွေ၊ ဆရာတွေမှာ အထက်ကပေးအပ်တဲ့ တာဝန်တွေကို သေချာကျေပွန်အောင် ထမ်းဆောင်ပြီးတော့မှ တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်လို့ဆုံးဖြတ်ထားပါတယ်။



သင်တန်းသား-၂

ကျွန်တော်ကတော့ ဒီသင်တန်းကို တက်ရောက်ရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်တွေကို ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူ့စစ်မှုထမ်းတစ်ယောက်အနေနဲ့ ကိုယ်ကျင့်တရားတွေ၊ စည်းကမ်းတွေ၊ ဝတ်ပြုမှုတွေ၊ ကိုယ်ကိုယ်ကို ဂုဏ်ယူစိတ်ရှိစေချင်တဲ့ ရည်ရွယ်ချက်တွေ ပါပါတယ်။



သင်တန်းဆင်းပြီး ဘာတွေပြောင်းလဲသွားလဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် မြန်မာနိုင်ငံသားတစ်ယောက်အဖြစ် လုံးလုံးကြီး ဖြစ်သွားတယ်လို့ ခံစားရပါတယ်။ ကျွန်တော်တို့က တပ်ရင်းတပ်ခွဲတွေမှာ ကြီးတွေက စစ်အခြေခံပညာတွေ တတ်ကျွမ်းအောင်လို့ သူတို့က သေချာသင်ပေးတယ်။ နောက်ပြီးတော့ ကိုယ်တွေက အခုမှ ပထမဦးဆုံးဆိုတော့ တွေ့ကြုံရတဲ့ အခက်အခဲတွေ အများကြီး ရှိပါတယ်။

ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်တာဝန်ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အတူ ကျွန်တော်တို့ သင်တန်းမှာ ကြိုးစားအားထုတ်မှုနဲ့ ဒီစစ်ရေးပြထူးချွန်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော် ဒီစစ်ရေးပြ ထူးချွန်ဆုကိုရရှိအောင် နည်းပြတွေရဲ့ သင်ကြားပို့ချမှုနဲ့ ကျွန်တော်လည်း အခေါက်ခေါက်အခါခါ ကြိုးစားခဲ့တယ်။ အဲဒီအတွက်လည်း ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆု ရရှိတဲ့အတွက်လည်း ကျွန်တော် အတိုးမသိ ဝမ်းသာပါတယ်။ ကျွန်တော့်ကို အဘက်ဘက်ကနေ ပံ့ပိုးကူညီပေးတဲ့ ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက်တွေ သင်တန်းသားတွေကိုလည်း ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် ဒီသင်တန်းပြီးသွားရင် နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျွတ်ခဲနေရာမှာ နှစ်နှစ် တာဝန်ကျေပွန်အောင် ထမ်းဆောင်မှာပါ။ အပြင်လောကမှာတော့ အမျိုးမျိုး ပြောနေကြတယ်။ ဒါပေမဲ့ ပြောနေတဲ့စကားတွေကို နားမယောင်ဘဲနဲ့ တာဝန်ကျေပွန်အောင် နှစ်နှစ်ကို လာရောက်ထမ်းဆောင်ပါလို့ ဖိတ်ခေါ်ပါတယ်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ညောင်ဦး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူကျေးရွာအုပ်စု ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၁ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင် ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမွဲတေမှု ကျစေရန်၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှု အဆင့်အတန်း ကွာဟမှုကို လျော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှင်မိန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ စုစုပေါင်း ၆၈ ဦးကို တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

❍ **စာမျက်နှာ ၂၄ မှ**

(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့အနေဖြင့် အောက်တိုဘာ ၂၂ ရက် အထိ ပြိုင်ပွဲများအပြီး၌ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်းဆုတံဆိပ်လေးခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာ ၂၃ ရက်တွင် မြန်မာအသင်းမှ ရေကူးကစားသမား ညီညီလင်းထက်က မီတာ (၁၀၀) အလွတ်ကူးပြိုင်ပွဲကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

စဉ့်ကူး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့တွင် အယ်နီညီရာသီဥတုဖြစ်စဉ် ပူပြင်းခြောက်သွေ့မှုကြောင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးချမ်းပြည့်ကျော်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးပြီး မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက သိရှိထားသင့်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

တင်စာလွင်(ပြန်/ဆက်)

နိုင်ငံတကာ အားကစား သတင်းများ



ဘုန်းမောက်အသင်းက အေစီမီလန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

လန်ဒန် အောက်တိုဘာ ၂၃

ဥရောပ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘုန်းမောက်အသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုန်းမောက်အသင်းက အေစီမီလန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘုန်းမောက်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၈ မိနစ်တွင် ကလူးဗတ်၊ ပွဲချိန် ၃၂ မိနစ်တွင် တာဗာနီယာ၊ ပွဲချိန် ၈၄ မိနစ်တွင် အာဒီးလ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဘုန်းမောက်အသင်းသည် ဥရောပ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၆ ရက်တွင် စပါတာပရ်ဂ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

၂ရာစုအတွင်း ဥရောပပြိုင်ပွဲများတွင် အိမ်ကွင်း ၁၂ ပွဲဆက် အနိုင်ရရှိသည့် မှတ်တမ်းတစ်ရပ် အက်စတွန်ပီလာအသင်းပိုင်ဆိုင်

လန်ဒန် အောက်တိုဘာ ၂၃

အက်စတွန်ဗီလာအသင်းသည် ၂၁ ရာစုအတွင်း ဥရောပပြိုင်ပွဲများတွင် အိမ်ကွင်း ၁၂ ပွဲဆက် အနိုင်ရရှိသည့် အင်္ဂလန်အသင်းအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ် အဆင့် ပွဲစဉ်တွင် ဗိုက်ကင်းအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရာနှုန်းပြည့် နိုင်ပွဲရယူထားပြီး အမှတ်ပေးဖေးယား အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည်။

အက်စတွန်ဗီလာအသင်း နည်းပြ အူနိုင်းအမ်မရီက 'အခုလို စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ နောက်ထပ်လာမယ့် ပွဲစဉ်တွေမှာလည်း နိုင်ပွဲတွေရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

ဒီယွန်ဘယ်ဂျူိကို ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

လန်ဒန် အောက်တိုဘာ ၂၃

အဲဗာတန်အသင်းသည် ဒိုင်နမိုဇာဂရက်အသင်း တိုက်စစ်မှူး ဒီယွန်ဘယ်ဂျူိကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒိုင်နမိုဇာဂရက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ပွဲကစားကာ ၁၅ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဒိုင်နမိုဇာဂရက်အသင်းက လည်း ဒီယွန်ဘယ်ဂျူိအတွက် မြင့်မားသည့် ပြောင်းရွေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကို မဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အဲဗာတန်အသင်း အနေဖြင့် ဆောင်းရာသီဈေးကွက် အတွင်းတွင် ဒိုင်နမိုဇာဂရက် အသင်းထံမှ ဒီယွန်ဘယ်ဂျူိကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Ann Li တက်ရောက်



တိုကျို အောက်တိုဘာ ၂၃

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန် တင်းနစ်မယ် Ann Li တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Ann Li သည် 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တူရကီတင်းနစ်မယ် Zeynep Sonmez ကို ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Ann Li နှင့် ဩစတြီးယား တင်းနစ်မယ် Lilli Tagger တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

0-0-0-0-0-0-0

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ရလဒ်		
၂၅-၁၀-၂၀၂၆	လန်းစ်	- ပဲရစ်	လန်းစ်	၂-၁	ပဲရစ်
နံနက်၀၁း၁၅နာရီ			ပဲရစ်	၀-၅	လန်းစ်

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်(နောက်ဆုံး၀ါး)ပွဲရလဒ်)	ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	ညနေ၃း၀၀နာရီ	ဇရာဝတီ-ရတနာပုံ	ဇရာဝတီ	၁-၀	ရတနာပုံ
စနေနေ့			ရတနာပုံ	၂-၁	ဇရာဝတီ
〃	ညနေ၃း၀၀နာရီ	ရန်ကုန်စီးတီး-မဟာ			

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	**ကက်ဂလီယာရီ**	- ဘိုလော့ဂ်နာ	**ကက်ဂလီယာရီ**	၀-၂	ဘိုလော့ဂ်နာ
ည ၇း၃၀ နာရီ			ဘိုလော့ဂ်နာ	၀-၀	**ကက်ဂလီယာရီ**
〃	**ကိုမို**	- ဆက်ဆူအိုလို	**ကိုမို**	၂-၀	ဆက်ဆူအိုလို
			ဆက်ဆူအိုလို	၂-၁	**ကိုမို**
၂၄-၁၀-၂၀၂၆	**နာပိုလီ**	- ဂျီးမား	**နာပိုလီ**	၂-၂	ဂျီးမား
ည ၁၀း၃၀ နာရီ			ဂျီးမား	၀-၁	**နာပိုလီ**
၂၅-၁၀-၂၀၂၆	**လာစီယို**	- ပီးမား	**လာစီယို**	၁-၁	ပီးမား
နံနက် ၀၁း၁၅ နာရီ			ပီးမား	၀-၁	**လာစီယို**

အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	အက်စတွန်ဗီလာ-	မန်စီးတီး	အက်စတွန်ဗီလာ	၁-၀	မန်စီးတီး
ညနေ ၆း၀၀ နာရီ			မန်စီးတီး	၁-၂	အက်စတွန်ဗီလာ
၂၄-၁၀-၂၀၂၆	အာဆင်နယ် -	အဲဗာတန်	အာဆင်နယ်	၂-၀	အဲဗာတန်
ည ၈း၃၀ နာရီ			အဲဗာတန်	၀-၁	အာဆင်နယ်
〃	ကိုဝင်ထရီ -	ဖူလ်ဟမ်			
၂၄-၁၀-၂၀၂၆	ချဲလ်ဆီး -	စပါး	ချဲလ်ဆီး	၂-၁	စပါး
ည ၁၁း၀၀ နာရီ			စပါး	၀-၁	ချဲလ်ဆီး

အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	ကျူပီအာ -	ဆွမ်ဆီး	ကျူပီအာ	၁-၂	ဆွမ်ဆီး
ည ၈း၃၀ နာရီ			ဆွမ်ဆီး	၀-၁	ကျူပီအာ
〃	ဝက်စ်ဟမ်း -	ဆောက်သမ်တန်	ဝက်စ်ဟမ်း	၁-၁	ဆောက်သမ်တန်
			ဆောက်သမ်တန်	၁-၀	ဝက်စ်ဟမ်း

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	ဗယ်လက်ကာနို -	အယ်လ်ချီ	ဗယ်လက်ကာနို	၁-၀	အယ်လ်ချီ
ညနေ ၆း၃၀ နာရီ			အယ်လ်ချီ	၄-၀	ဗယ်လက်ကာနို
၂၄-၁၀-၂၀၂၆	ရေးဆင်း -	အက်စ်ပန်ညို	ရေးဆင်း	၀-၁	အက်စ်ပန်ညို
ည ၈း၅၅ နာရီ			အက်စ်ပန်ညို	၃-၁	ရေးဆင်း
၂၄-၁၀-၂၀၂၆	ဗလင်စီယာ -	ဗီလာရီးရယ်	ဗလင်စီယာ	၀-၂	ဗီလာရီးရယ်
ည ၁၁း၀၀ နာရီ			ဗီလာရီးရယ်	၂-၁	ဗလင်စီယာ
၂၅-၁၀-၂၀၂၆	အက်သလက်တီကို -	ဒီပို့တီပို	အက်သလက်တီကို	၁-၀	ဒီပို့တီပို
နံနက် ၀၁း၃၀ နာရီ			ဒီပို့တီပို	၀-၁	အက်သလက်တီကို

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	အော့စ်ဘတ် -	ယူနိုင်တဘာလင်	အော့စ်ဘတ်	၁-၁	ယူနိုင်တဘာလင်
ည ၈း၀၀ နာရီ			ယူနိုင်တဘာလင်	၄-၀	အော့စ်ဘတ်
〃	ကိုလုံး -	ရော်လ်ကေး	ကိုလုံး	၃-၁	ရော်လ်ကေး
			ရော်လ်ကေး	၀-၀	ကိုလုံး
〃	မိန်ဒင် -	ဝါဒါဘာဓိမင်	မိန်ဒင်	၁-၁	ဝါဒါဘာဓိမင်
			ဝါဒါဘာဓိမင်	၀-၂	မိန်ဒင်
〃	ပါဒါဘွန်း -	ဟမ်းဘတ်	ပါဒါဘွန်း	၀-၃	ဟမ်းဘတ်
			ဟမ်းဘတ်	၀-၃	ပါဒါဘွန်း
〃	လိုက်ပဇစ် -	အဲလ်ဟာစ်ဘတ်			
၂၄-၁၀-၂၀၂၆	အဲ့ဒ်မွန် -	ဖရန့်ဖတ်	အဲ့ဒ်မွန်	၃-၂	ဖရန့်ဖတ်
ည ၁၁း၀၀ နာရီ			ဖရန့်ဖတ်	၃-၃	အဲ့ဒ်မွန်



ပခုက္ကူမြို့နယ်၌ မျက်စိဝေဒနာရှင်ပြည်သူများအား စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပေးမည်

ပခုက္ကူ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ မျက်စိအထူးကုဆရာဝန်ကြီးများ၏ဦးဆောင်မှုဖြင့် မျက်စိဝေဒနာရှင်ပြည်သူများအား စမ်းသပ်စစ်ဆေးခွဲစိတ်ကုသခြင်းကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပခုက္ကူမြို့၊ သီတဂူစက္ခုဒုက္ခဒုတိယတံတားဦးဆေးရုံတော် ဘဒ္ဒန္တ တိက္ခာသာရက ကွင်းဆင်းအဖွဲ့တွင် ပါဝင်မည့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်ကုသရာတွင် အသုံးပြုမည့် စက်ပစ္စည်းများ အခြေအနေနှင့် စစ်ဆေးကုသပေးမည့် အချိန်ကာလများအကြောင်း ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက မျက်စိဝေဒနာရှင်များအား စနစ်တကျစစ်ဆေးကုသပေးနိုင်ရေးလုပ်ငန်းစဉ်များ အကြောင်း၊ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က စာရင်းလက်ခံရရှိထားသော မျက်စိဝေဒနာရှင် ပြည်သူများ၊ အထူးကုဆရာဝန်ကြီးများ နေရာချထားရေး၊ စစ်ဆေးကုသမှုဆောင်ရွက်မည့်နေရာအား သန့်ရှင်းသပ်ရပ်မှုနှင့် ရောဂါပိုးမွှားများကင်းစင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် ဌာန၊ အဖွဲ့အစည်းများ စုပေါင်းဖွဲ့စည်းထားသည့်လုပ်ငန်းအစီအစဉ်များ အကြောင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာဝေဝေဦးက မျက်စိဝေဒနာရှင်များ စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် အားဖြည့်ဆောင်ရွက်ပေးမည့် မျက်စိအထူးကုဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အခြေအနေတို့ကို ရှင်းလင်းလျှောက်ထားကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၄၀)



ချည်မျှင်ရှည်ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

မြစ်သား အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက်ချေးငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က တောင်သူများအား ချေးငွေထုတ်ချေးပေးမှုစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက မြစ်သားမြို့နယ်အတွင်းရှိ မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား တိုက်ရိုက်ချေးငွေများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများအား စိုက်ကာ ၃၀၀၀ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၉၀၀၀ အား ချေးငွေသက်တမ်း ခုနစ်လ အတွက် အတိုးနှုန်း တစ်ရာခိုင်နှုန်းသာ သတ်မှတ်ကာ တိုက်ရိုက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
ဝါဝါမြင့်(မြစ်သား)

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀)မီးထွန်းပွဲတော်ကို (၂၆-၁၀-၂၀၂၆)ရက် သီတင်းကျွတ်လပြည့်ညတွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စတုဒိသာအကျွေးအမွေးများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသဖြင့် မန္တလေးမြို့တော်သူ၊ မြို့တော်သားအပေါင်းတို့မှ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား အတူတကွ ပါဝင်ဆင်နွှဲကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၀-၂၀၂၆ (တနင်္လာနေ့)၊ ၁၃ရစရခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
အချိန် - ညနေ(၆း၀၀)နာရီမှ ည(၁၀း၀၀)နာရီအထိ
နေရာ - ၂၆လမ်း၊ ၆၆လမ်းမှ ၇၃လမ်းအထိ
ဖျော်ဖြေရေး - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့
အစီအစဉ် (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား) စင်မြင့်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် မေခလာ၊ L ဆိုင်းဇီ၊ မယ်လိုဒီ၊ ရဲထွဋ်ကျော်၊ နေမင်းအိမ်၊ ဘိုမ(ကေတုမတီ)၊ ချစ်ခွဲသာ၊ ပန်းလေး၊ ဇကာရီစုစံ၊ ခိုင်ဇင်လင်း၊ ယွန်းမီ၊ နော်ထူး၊ ထက်ထက်၊ DJ Bella၊ Dancersအဖွဲ့များနှင့် မန်းစည်ပင်ခေတ်ပေါ် တေးဂီတအဖွဲ့
ဦးဆောင်ကျွေးမွေးရေး - စတုဒိသာ မဏ္ဍပ်များ

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်အတွက် ခေတ္တလမ်းပိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀)မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်ည (၂၆-၁၀-၂၀၂၆)ရက်တွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အဆိုပါလမ်းနေရာအား (၂၄-၁၀-၂၀၂၆)ရက်နေ့ ၁၈း၀၀နာရီမှ (၂၇-၁၀-၂၀၂၆)ရက်နေ့ ၀၆း၀၀ နာရီအထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အယ်လ်နီညိုကာလတွင် ဒေသနှင့် ကိုက်ညီသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးရန် တိုက်တွန်း

မကွေး အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် မိမိဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက ပြောသည်။

အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု မဖြစ်စေရန် တောင်သူများအတွက် လိုက်နာသင့်သည့်အချက်များကို အသိပညာပေးခြင်းနှင့် ဗီနိုင်း ပိုစတာများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်နေသည်။

တောင်သူများအနေဖြင့် ယခုကတည်းက မျိုးစေ့များနှင့် လယ်ယာသုံးကိရိယာများကို ကြိုတင်စုဆောင်းထားသင့်ပြီး အစုအဖွဲ့လိုက် ပူးပေါင်းပြင်ဆင်ထားရန်လည်း လိုအပ်ကြောင်း ဦးယဉ်ထွန်းက ပြောသည်။

ထို့အပြင် အယ်လ်နီညိုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးပါက ပြန်လည်စိုက်ပျိုးနိုင်ရန် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့၏ အရန်မျိုးစေ့များကို ကြိုတင်စုဆောင်းထားသည်။

အပူချိန်မြင့်မားခြိန်တွင် ရေရှားပါးမှုနှင့် ပိုးမွှားရောဂါကျရောက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် တောင်သူများအနေဖြင့် ရေကို ချွေတာသုံးစွဲရန်၊ သီးနှံများကို ပုံမှန်စစ်ဆေးရန်နှင့် စိုက်ပျိုးရေးဌာန၏ အကြံပြုချက်များကို လိုက်နာရန် လိုအပ်သည်။ ထိုလုပ်ငန်းများနှင့်ပတ်သက်၍ ကျေးရွာများအတွင်း ကွင်းဆင်းအသိပညာပေးမှုများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

––*–*–*–*

ရှရီစန္ဒီမယ်တော် ရေမျှောပူဇော်ပွဲ ကျင်းပ

စစ်ကိုင်း အောက်တိုဘာ ၂၃

စစ်ကိုင်းမြို့၊ ရွာထောင်အောင်သာယာရပ်ကွက် ရှရီနဝဒူရ်ဂါဘုရားကျောင်းတွင် အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက ရှရီစန္ဒီမယ်တော် ရေမျှောပူဇော်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ရှရီစန္ဒီမယ်တော် ရေမျှောပူဇော်ပွဲကို ကျင်းပခဲ့ရာ ရှရီနဝဒူရ် ဂါဘုရားကျောင်းသို့ လာရောက်ကြသောဇည့်ပရိသတ် အပေါင်းတို့အား နေ့စဉ်မပြတ် စတုဒိသာသက်သတ်လွတ်ထမင်း၊ ပူတီနှင့် ဟင်းလျာများ၊ ဖျော်ရည် အချိုရည်တို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။

စန္ဒီမယ်တော်ရေမျှောပွဲကို ဘုရားကျောင်းဥက္ကဋ္ဌ ဦးအောင်မိုး(ခ)ဦးရာဂျား ဦးဆောင်၍ ဟိန္ဒူဘာသာဝင်များက ရှရီနဝဒူရ်ဂါဘုရားကျောင်းမှ ဇရာဝတီမြစ်ဆိပ်သို့ စန္ဒီမယ်တော်ကြီး ရုပ်ပွားတော်အား အတီးအမှုတ်အက အခုန်များဖြင့် ပင့်ဆောင်သယ်ယူကာ ဟိန္ဒူရိုးရာအတိုင်း ဆီမီး၊ ဖယောင်းတိုင်၊ အမွေးတိုင်နှင့် ပန်းများပူဇော်ကာ ဇရာဝတီမြစ်ထဲသို့ ရေမျှောပူဇော်ခဲ့ကြောင်း သိရသည်။

(ယာပုံ)(၀၇၀)



ပြည်ပသင်္ကြားတင်ပို့မှု လျာထားချက်၏ ၆၀ ရာခိုင်နှုန်းကျော် တင်ပို့ထား



မန္တလေး အောက်တိုဘာ ၂၃

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ သင်္ကြားတန်ချိန် ၉၀,၀၀၀ ခန့် တင်ပို့ရန် လျာထားရာ လက်ရှိအချိန်အထိ တန်ချိန် ၅၄,၀၀၀ ကျော် တင်ပို့ထားပြီး လျာထားချက်၏ ၆၀ ရာခိုင်နှုန်းကျော်ရှိလာကြောင်း မြန်မာနိုင်ငံသင်္ကြားနှင့် ကြိတ်ထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ထံမှ သိရသည်။

'သင်္ကြားစေ့းကလည်း ပြည်တွင်း၊ ပြည်ပ နှစ်ဖက်စလုံး နည်းနည်းပြန်တက်လာတာဖြစ်ပြီး မန္တလေးစေ့းလောက်တော့ မရသေးဘူး' ဟု မြန်မာနိုင်ငံသင်္ကြားနှင့် ကြိတ်ထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။

၂၀၂၅ ခုနှစ် ကြာသပတေးပြည်တွင်းစေ့းကွက်တွင် သင်္ကြားတစ်ပိသာလျှင် ဒွေကျပ် ၄,၈၀၀ မှ ၅,၁၀၀ အထိရှိခဲ့သော်လည်း ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် ဒွေကျပ် ၃,၆၀၀ မှ ၃,၉၀၀ အထိသာရှိကြောင်း သိရသည်။

ကမ္ဘာ့စေ့းကွက်တွင်လည်း ယမန်နှစ်က သင်္ကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၀ ခန့်ရှိခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာ ၅၄၀ မှ ၅၅၀ ခန့်သာရှိနေသဖြင့် သင်္ကြားတင်ပို့မှု အေးနေကြောင်း ကုန်သည်များက ပြောသည်။

သင်္ကြားစေ့းနှုန်း ကျဆင်းနေသည့်အပြင် ယခုနှစ် ကြာသီအတွက် ကြဲကြိုတင်ငွေနှင့် ဝယ်ယူစေ့းနှုန်းများကိုလည်း စက်ရုံအများစုက အတိအကျမကြေညာရသေးကြောင်း သိရသည်။ ပြည်ခရိုင်အတွင်းရှိ အင်ငါးခွ သင်္ကြားစက်တစ်ခုကသာ ကြဲတစ်တန်လျှင် ငွေကျပ် ၁၃၉,၀၀၀ဖြင့် စေ့းသတ်မှတ်ပြောဆိုထားကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ပြီးခဲ့သည့်နှစ်က ကြဲတစ်တန်လျှင် ငွေကျပ် ၁၇၀,၀၀၀ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ကြဲစေ့းနှုန်းနှင့် ကြိုတင်ငွေကို တိုးမြှင့်ပေးရန် လိုအပ်ကြောင်း ကြဲစိုက်တောင်သူများက ပြောသည်။

၂၀၂၅ ခုနှစ် ကြဲစိုက်ရာသီတွင် စိုက်ပျိုးစရိတ်၊ စက်သုံးဆီနှင့် သွင်းအားစုစရိတ်၊ လုပ်သားခများ မြင့်တက်လာခြင်းနှင့် လုပ်သားရှားပါးမှုတို့ကြောင့် ကြဲစိုက်ပျိုးမှု လျော့ကျခဲ့သည်။ ယခုနှစ်တွင်လည်း ကုန်ကျစရိတ်နှင့် ကြဲစေ့းနှုန်းမမျှတပါက ကြဲစိုက်ဧက ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ထပ်မံလျော့ကျနိုင်ကြောင်း ခန့်မှန်းထားသည်။

'သင်္ကြားစေ့းမကောင်းတော့ မနှစ်ကစေ့းလောက် ကြဲစေ့းရပါ့မလားဆိုတဲ့ စိုးရိမ်မှုတွေရှိတယ်။ စိုက်ပျိုးစရိတ်တွေလည်း တက်လာတဲ့အတွက် ကြဲအသစ် ပြန်စိုက်ဖို့ ခက်ခဲလာတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာ စိုက်ပျိုးမှု ၂၀ ရာခိုင်နှုန်းကျော် လျော့နိုင်ပြီး တခြား တိုင်းနဲ့ ပြည်နယ်တွေမှာ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျော့နိုင်တယ်' ဟု ဦးဝင်းဌေးက ဆက်လက်ပြောကြားသည်။

ကြဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်းရှိ သင်္ကြားစက်ရုံ ၂၃ ရုံမှ တစ်နှစ်လျှင် သင်္ကြားတန်ချိန် ၄ သိန်းမှ ၅ သိန်းအထိ ပျမ်းမျှထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



အခြေခံရည်ညွှန်းစေ့းနှုန်း စပါးတင်း ၁၀၀ ကို ငွေကျပ် ၁၃ သိန်းခွဲ သတ်မှတ်

မန္တလေး အောက်တိုဘာ ၂၃

၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် အခြေခံရည်ညွှန်းစပါးစေ့းနှုန်းကို တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၃ သိန်းခွဲ သတ်မှတ်ကြောင်းတောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခြေခံရည်ညွှန်းစေ့းနှုန်းကို တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော စေ့းကွက်နှင့် စေ့းနှုန်းဖြစ်ပေါ်စေရန် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်ပြီး အစိုဓာတ် ၁၄ ရာခိုင်နှုန်း ရှိကာ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် စပါးအမျိုးအစား အပေါ် အခြေခံသတ်မှတ်ထားခြင်းဖြစ်သည်။

ထုတ်ပြန်ချက်အရ စပါးစေ့းကွက်ပေါက်စေ့းသည် သတ်မှတ်ထားသည့် အခြေခံရည်ညွှန်းစေ့းနှုန်းထက် မြင့်မားနေပါက စေ့းကွက်ပေါက်စေ့းအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး စေ့းကွက်ပေါက်စေ့းသည် အခြေခံရည်ညွှန်းစေ့းနှုန်းအောက် ကျဆင်းနေပါက အခြေခံရည်ညွှန်းစေ့းနှုန်းအတိုင်း ဝယ်ယူရမည် ဖြစ်သည်။

အခြေခံရည်ညွှန်းစေ့းနှုန်း ဖြင့် စပါးရောင်းချရန် အခက်အခဲရှိသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များထံ ဆက်သွယ်နိုင်သကဲ့သို့ အသင်းချုပ်ရုံးချုပ်သို့လည်း ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရုံးချုပ်၏ ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၁-၂၃၀၁၁၈၊ ၀၁-၂၃၀၁၉၃နှင့် ၀၁-၂၁၈၂၆၆တို့ ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

ဝါးနက်ဆင်စခန်းတွင် ဆင်စာဘူဖေး လာရောက်ကျွေးမွေးသူများရှိနေ

မန္တလေး အောက်တိုဘာ ၂၃

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်အကြား ရဲရွာရေလွှဲတမံအနီးရှိ ဝါးနက်ဆင်အပန်းဖြေစခန်းတွင် ဆင်များကို ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းသူများ လာရောက်လှုက်ရှိပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ဆင်စာဘူဖေးနှင့် စပါးကျွေးမွေးမှု (၁၉၁)ကြိမ်ရှိခဲ့ကြောင်း စခန်းတာဝန်ခံ ဦးဘိုကျော်ထွေးထံမှ သိရသည်။ အဆိုပါစခန်းတွင် ဆင် ၁၂ ကောင်ကို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဆင်ချစ်သူများအနေဖြင့် မွေးနေ့နှင့် နှစ်ပတ်လည်အမှတ်တရနေ့များတွင် ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းနိုင်ကြောင်း သိရသည်။ ကိုယ်တိုင်လာရောက်ကျွေးမွေးနိုင်သကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း လှူဒါန်းနိုင်ပြီး စခန်းဘက်မှ ဆင်စာကျွေးမွေးမှုကို စီစဉ်ပေးကာ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများကို အလှူရှင်ထံ ပြန်လည်ပေးပို့ကြောင်း သိရသည်။ ဆင်စာဘူဖေးတစ်ကြိမ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ စပါးကျွေးမွေးမှုတစ်ကြိမ်လျှင် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း ဦးဘိုကျော်ထွေးက ပြောသည်။

ဝါးနက်ဆင်အပန်းဖြေစခန်းသည် ဆင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နေသည့် နေရာတစ်ခုဖြစ်ပြီး မိသားစုလိုက် လာရောက်လေ့လာအပန်းဖြေနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဆင်စခန်း ၂၄ ခုရှိသည့်အနက် ၁၂ ခုမှာ ခရီးသွားဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း





မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုကစားသမားရွေးချယ်ပွဲ နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း ဘက်စုံသုံး အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု၍ ၂၀၂၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသား၊ အမျိုးသမီး ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားကာယဗလမောင်ပြိုင်ပွဲ၊ Athletic Physique၊ Sport Physique၊ Fitness Physique နှင့် အမျိုးသမီး Model Physique၊ Athletic Physique၊ Fitness Physique စသည့် ပြိုင်ပွဲအမျိုးအစား ၁၆ မျိုး ပါဝင်မည်ဖြစ်သည်။

(အပေါ်ပုံ)

အမျိုးသားကာယဗလမောင် ပြိုင်ပွဲတွင် အသက် ၂၁ နှစ်အောက် တန်းအပြင် ၅၅ ကီလို၊ ကီလို ၆၀၊ ၆၅ ကီလို၊ ကီလို ၇၀၊ ၇၅ ကီလိုနှင့် ၇၅ ကီလိုအထက် ဝိတ်တန်းများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်တိုဘာ ၁၀ ရက်မှ စတင်လက်ခံခဲ့ပြီး အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကာ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ဗထူးကာယဗလလေ့ကျင့်ရေးခန်းမ၌ ခါးနံပါတ်မဲန့်က်ခြင်းနှင့် ကိုယ်အလေးချိန်ချိန်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ပြိုင်ပွဲအမျိုးအစားတစ်မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပြီး နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာ ပြိုင်ပွဲများတွင် ရွေ၊ ငွေ၊ ကြေး ဆုတံဆိပ် ရရှိထားသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

အသက် ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲဝင်များသည် ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲအထိ အသက် ၂၁ နှစ်ထက် မကြီးသူဖြစ်ရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သန်းခေါင်စာရင်းမူရင်းတို့ကို တင်ပြရမည်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၉/ မဟုတ်သူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဗထူးအားကစား ဝင်းအတွင်းရှိ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားဆပ်ကော်မတီထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

ဝါလကင်းလွတ်၊ သီတင်းကျွတ်ပွဲတော်



သီတင်းကျွတ်လကို ရှေးမြန်မာကျောက်စာများမှာတော့ 'သန်တူလ'လို့ ရေးထိုးထားကြောင်း ကျောက်စာသမိုင်းပညာရှင်များရဲ့ ပြောဆိုချက်အရ သိရှိရပါတယ်။ 'သန်တူလ'ဆိုတာ၊ ကောက်ပင်စပါးပင်များ ပေါက်ဖွား၊ ထွက်ထောင်မတ်တဲ့လ'လို့ အဓိပ္ပာယ်ရပါတယ်။ 'သီတင်းကျွတ်'ဆိုတဲ့ ဝေါဟာရကလည်း သီတင်းနဲ့ ကျွတ်ကို ပေါင်းစပ်ခေါ်ဝေါ်ထားတဲ့ အနက်အဓိပ္ပာယ်ဖြစ်ပြီးတော့ ရဟန်း၊ သံဃာတော်များ မိုးတွင်းကာလ သုံးလပတ်လုံး မိမိတို့ရဲ့ ကျောင်းပရိဝုဏ်အတွင်း သီလကျင့်သုံးဆောက်တည်နေထိုင်ခြင်းမှ လွတ်မြောက်တဲ့လ၊ ကျွတ်လွတ်တဲ့လ အနေနဲ့ 'သီတင်းကျွတ်လ'လို့ ခေါ်ဝေါ်သုံးစွဲကြခြင်းပါ။ သီတင်းကျွတ်လရဲ့ 'ဝိသေသ'လို့ ခေါ်တဲ့ ထူးခြားတဲ့ လက္ခဏာ ရာသီဟာ တူရာသီဖြစ်ပြီး ပွဲတော်ကတော့ 'မီးထွန်းပွဲတော်၊ ပဝါရဏာပွဲတော်၊ အဘိဓမ္မာအခါတော်နေ့'စတဲ့ ဘာသာရေးပွဲတော်များ ဖြစ်ပါတယ်။ ရာသီရုပ်က 'ချိန်ခွင်ကိုင်ထားတဲ့ ဈေးသည်အရပ်'ပါ။

သီတင်းကျွတ်လဟာ'ဝါလည်းကျွတ်၊ မိုးလည်းလွတ်'ဆိုရိုး စကားအတိုင်း မိုးအလွန်နည်းပါးသွားပြီး ဆောင်းဦးအစပျိုးဖို့ အားယူနေတဲ့ အချိန်ပါ။ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အဖိတ်နေ့မှာ ဆီမီးထွန်းပွဲတော်ကြီးကို တစ်နိုင်ငံလုံးနီးပါး ထွန်းညှိပူဇော်ကြပါတယ်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ညမှာတော့ တောကျေးလက်တောင်သူလယ်သမားများက 'မိမိတို့တစ်နှစ်တာလုံး ခိုင်းစေခဲ့သမျှတို့အတွက် သည်းခံနားလည်ပေးကြပါ။ ဤဖောင်းတိုင်မီး၊ ဤဆီမီးတို့ကို အသင်တို့အား ငါတို့က ပေးအပ်ပါ၏။ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းကြပါလော့။ ဤတိရစ္ဆာန်အပါယ်ဘုံမှ လွတ်ကင်းအောင် ဆုတောင်းကြပါလော့'ဆိုပြီး ကျွဲတင်းကုပ်၊ နွားတင်းကုပ်သို့သွားကာ နှုတ်ဖြင့် ဖွင့်ဟပြီး ကျွဲ၊ နွားတွေကို ပေးအပ်တဲ့ ဓလေ့လည်း ခုချိန်အထိ အချို့တောကျေးလက်တွေမှာ ရှိနေဆဲပါ။ မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်ပြီး ခုနစ်ဝါမြောက်အရောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် တာဝတိံသာနတ်ပြည်မှာ 'ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ကစပြီး သီတင်းကျွတ်လပြည့်နေ့အထိ'ဝါတွင်းသုံးလကာလပတ်လုံး မယ်တော်မိနတ်သားအမှူးရှိတဲ့ နတ်ဗြဟ္မာအပေါင်းတို့ကို 'အဘိဓမ္မာတရားတော်'ကို ဟောကြားတော်မူခဲ့ပါတယ်။ ဝါတွင်းသုံးလပြည့်မြောက် သီတင်းကျွတ်လပြည့်နေ့ ရောက်တဲ့အခါ မြတ်စွာဘုရားရှင်ဟာ နတ်၊ ဗြဟ္မာအပေါင်း ခြံရံကာ 'တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်လူပြည်'ကို ကြွရောက်တော်မူလာတဲ့အခါ သင်္ကဿနဂိုရ်ပြည်ရဲ့ တောင်ဘက်မုခ် တံခါးဝအရောက် နေလုံးကွယ်ပျောက်၊ ညချမ်းအချိန်ရောက်တဲ့အတွက် မြတ်စွာဘုရားရှင်ကို ကြိုဆိုနေကြတဲ့ ဒါယကာ၊ ဒါယိကာမ အပေါင်းသူတော်ကောင်းတို့ဟာ ဆီမီးတို့နဲ့ ထွန်းညှိပူဇော်ကြိုဆိုခဲ့ကြပါတယ်။

မြတ်စွာဘုရားရှင် 'တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်'ကို ကြွချီတော်မူရာမှာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူလျက်၊ ပတ္တမြားစောင်းတန်းက ကြွမြန်းတော်မူလာပြီး ဗြဟ္မာကြီးများက ရွှေထီး၊ ငွေထီး၊ သန္ဓာထီးအမျိုးမျိုးကာလျက် ငွေစောင်းတန်းမှ၊ ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်များ ကိုင်ဆောင်ကာ 'ပဉ္စသိခ်နတ်သား'က 'ဗေလုဝနတ်စောင်း'ကို တီးပြီး 'မာတလိနတ်သား'ကလည်း သားမြီးယပ်ကို ခတ်လျက် မြတ်စွာဘုရားရှင်ကို ပူဇော်သမ္မုပြုပါတယ်။ တကယ်တော့ဗျာ-သီတင်းကျွတ်လပြည့် နေ့ဟာ အလွန်မှ ထွန်းလင်းတောက်ပတဲ့ အသရေတို့ဖြင့် မြတ်စွာဘုရားရှင်ဟာ နတ်ဗြဟ္မာအပေါင်းခြံရံလျက် 'တာဝတိံသာနတ်ပြည် မှ သင်္ကဿနဂိုရ်ပြည်သို့'ပြန်လည်ကြွရောက်လာတာကို ပူဇော်တဲ့အနေနဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က ကျောင်းကန် ဘုရား၊ ဓမ္မာရုံ၊ မိမိတို့ရဲ့ အိမ်၊ ခြံမြေ၊ တိုက်တာ၊ အဆောက်အဦးရော၊ လမ်းအသွယ်သွယ်တွေမှာ လျှပ်စစ်မီးရောင်စုံများ၊ ဆီမီးတိုင်၊ ဖယောင်းတိုင်၊ အမွေးတိုင်များဖြင့် မြတ်စွာဘုရားရှင်ကို ကြိုဆိုဖူးမြော်ပူဇော်ကြပါတယ်။ ဒါကို ရည်ရွယ်ပြီးတော့ တောရော၊ မြို့ပါမကျန် မြန်မာပြည်အနှံ့ ကျင်းပတဲ့ပွဲကို 'မီးထွန်းပွဲတော်'ဆိုပြီး ပျော်ပွဲရွှင်ပွဲများပါ တွဲဖက်ကျင်းပကြပါတယ်။ မြတ်စွာဘုရားရှင်ဟာ အရင်ဘဝက မိခင်တော်စပ်ခဲ့ဖူးတဲ့ မယ်တော်မိနတ်သားကို မိခင်ရဲ့ကျေးဇူး ဆပ်ရန်အလို့ငှာ၊ မယ်တော်မိနတ်သားနဲ့တကွ တာဝတိံသာနတ်ပြည်မှအားလုံးသော နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့ပါတယ်။ အဘိဓမ္မာကျမ်းဟာ အရေအတွက်အားဖြင့် ခုနစ်ကျမ်းရှိပါတယ်။ အဘိဓမ္မာ ဒေသနာတော်ဟာ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အနက် တစ်ဝက်လောက်ပဲ ရှိပါတယ်။ အလွန်များပြားရှည်လျားပြီး ဝါတွင်းသုံးလပတ်လုံး ဆက်တိုက်ဟောကြားမှ ပြီးဆုံးပါတော့တယ်။

အဲဒီလောက်ဟောကြားထားတဲ့ အဘိဓမ္မာဒေသနာတော်မြတ်ကို လူပြည်မှာ တစ်နေရာတည်း ဆက်တိုက်ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ်မရှိတဲ့အတွက် နတ်ပြည်မှာပဲ ဟောကြားတော်မူခဲ့ရပါတယ်။ အခုလူပြည်မှာ နာကြားနေရတဲ့ အဘိဓမ္မာဒေသနာတရားတော်မြတ်ဟာ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာကို မကျဉ်းမကျယ် ပြန်လည်ဟောကြားခဲ့တဲ့ အဘိဓမ္မာတရားဒသနာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာပြည်အရပ်ရပ်မှာ 'ပဝါရဏာပွဲ'ကျင်းပတာကိုလည်း တွေ့ရမှာပါ။ မြတ်စွာဘုရားဧတဝဏ်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်း ဇနပုဒ်မှာ ဝါဆိုကြတဲ့ ရဟန်းတော်တို့ဟာ ငြင်းခုံခြင်းမရှိဘဲ အညီအညွတ်ချမ်းသာစွာ နေလိုကြတဲ့အတွက် အချင်းချင်းစကား မပြောဆိုကြဘဲ နေကြပါတယ်။ ဝါတွင်းသုံးလပြည့်လို့ ဝါကျွတ်တဲ့အခါ မြတ်စွာဘုရားကို ဖူးမြော်ရန် အလို့ငှာ သာဝတ္ထိပြည် ဧတဝဏ်ကျောင်းတော်ကို ကြွရောက်လာကြပါတယ်။ မြတ်စွာဘုရားက 'ချစ်သားတို့ ကျန်းမာကြရဲ့လား၊ ဣရိယာပထမျှတကြပါရဲ့လား၊ အချင်းချင်းအညီအညွတ်၊ ငြင်းခုံခြင်းမရှိဘဲ စိတ်ချမ်းမြေ့စွာ ဝါကပ်ခဲ့ကြပါရဲ့လား။ ဆွမ်းကိစ္စအတွက်လည်း မပင်ပန်းဘဲ ရှိခဲ့ကြပါရဲ့လား'လို့ မေးတော်မူခဲ့ပါတယ်။ အဲဒီအခါ ရဟန်းတော်တို့က 'မြတ်စွာဘုရား တပည့်တော်တို့ဟာ ကျန်းမာကြပါတယ်။ ဣရိယာပထလဲမျှတကြပါတယ်။ မငြင်းခုံဘဲ အညီအညွတ်စိတ်ချမ်းမြေ့စွာ ဝါကပ်ခဲ့ကြပါတယ်။ ဆွမ်းအတွက်လည်း ပင်ပန်းမှုမရှိခဲ့ကြပါဘုရား'လို့ ပြန်လည်လျှောက်ထားခဲ့ကြပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက 'ချစ်သားတို့ ငြင်းခုံခြင်းမရှိဘဲ ဝါတွင်းသုံးလပတ်လုံး ဘယ်လို အညီအညွတ်နေထိုင်ခဲ့ကြပါသလဲ'လို့ မေးပြန်ပါတယ်။ 'မြတ်စွာဘုရား တပည့်တော်တို့ဟာ အချင်းချင်းစကားမပြောမဆိုကြဘဲ ငြင်းခုံခြင်းကင်းစွာ ဝါတွင်းသုံးလပတ်လုံး အညီအညွတ်နေထိုင်ကျင့်သုံးခဲ့ကြပါတယ်ဘုရား'လို့ ပြန်လည်လျှောက်ထားလိုက်ပါတယ်။ မြတ်စွာဘုရားက 'ချစ်သားတို့ အချည်းနှီးဖြစ်တဲ့ ယောကျ်ားတို့ဟာ နွားတိရစ္ဆာန်များနေသလို၊ အချင်းချင်းစကား မပြောမဆိုကြဘဲ ဘယ်လိုနေထိုင်ခဲ့ကြသလဲ။ တိတ္ထိတို့ ဆောက်တည်သလို ဘာကြောင့်စကားမပြောမဆိုကြဘဲ နေတဲ့ အကျင့်ကို ဆောက်တည်ကျင့်သုံးကြတာလဲလို့ မိန့်ဆိုလိုက်ပါတယ်။ အဲဒီနောက် မြတ်စွာဘုရားက 'ချစ်သားတို့ နွား၊ တိရစ္ဆာန်များနေသလို တိတ္ထိများ ဆောက်တည်သလို စကားမပြောမဆိုကြဘဲ နေတဲ့ အကျင့်ကို မကျင့်သုံး၊ မဆောက်တည်အပ်ဘူး။ ဆောက်တည်တဲ့ ရဟန်းကို ဒုက္ကဋ်အာပတ်သင့်စေ'လို့ သိက္ခာပုဒ်ပညတ်တော်မူလိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ 'ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှားသံသယကြောင့်ဖြစ်စေ၊ ဤသုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း(သို့မဟုတ်) ပဝါယဏာပြုခြင်းငှာ ငါဘုရား ခွင့်ပြု၏။ ထိုသို့ ဖိတ်ကြားခြင်းသည် ချစ်သားရဟန်းတို့အတွက် အချင်းချင်း အာပတ်မှ လွတ်မြောက်စေခြင်း၊ ဝိနည်းကျင့်ဝတ်ကို ရှေးရှုခြင်း ဖြစ်လတ္တံ့'လို့ မြတ်စွာဘုရားရှင်က 'ပဝါယဏာ'ကို ခွင့်ပြုတော်မူခဲ့ပါတယ်။

ဒါကြောင့် ရဟန်းတော်တို့ဟာ သီတင်းကျွတ်လပြည့်တဲ့အခါ အညီအညွတ် အစည်းအဝေးပြုလုပ်ကြပြီး ဝါကြီး၊ ဝါငယ်၊ ဝါစဉ်အလိုက် 'ငါ့ရှင်တို့၊ သံဃာကို ဖိတ်ကြားပါ၏'။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှားသံသယကြောင့်ဖြစ်စေ၊ အရှင်တို့သည် တပည့်တော်အား သနားခွင်းခင်မှုကို အကြောင်းပြု၍ ပြောဆိုကြပါကုန်လော့။ တပည့်တော်သည် အပြစ်မြင်သည်ရှိသော် ကုစားပါအံ့'လို့ ပဝါယဏာပြုကြပါတယ်။ ဤသို့အားဖြင့် ရဟန်းတော်တို့ဟာ ဝါမှထပြီး ဝါကျွတ်(သီတင်းကျွတ်)ကြရပါတယ်။ ရဟန်းတော်များ ပဝါယဏာပြုခြင်းကို တစ်နှစ်တစ်ကြိမ်၊ ဝါထွက်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းတော်များဟာ သိမ်အတွင်းမှာ စည်းဝေးဆောင်ရွက်ကြရပါတယ်။ 'ပဝါယဏာပြုဖို့ မြတ်စွာဘုရား ပညတ်တော်မူတာကတော့ ရဟန်းတော်များ စိတ်ဝမ်းမကွဲကြစေရန်၊ တစ်ပါးနှင့်တစ်ပါး သီလ၊ သိက္ခာစင်ကြယ်ခြင်းအတွက် ယုံမှားသံသယကင်းစေရန်၊ စည်းလုံးညီညွတ်မှုရှိစေရန်၊ အကျင့်သိက္ခာနှင့်ပတ်သက်ပြီး သံဃာတော်အချင်းချင်း ယုံမှားသံသယဖြစ်နေလျှင် မြိုမထားဘဲ ပွင့်လင်းစွာ ဖော်ထုတ်ဝန်းရံလျက် ပြုပြင်ကြပါမည်'လို့ ကတိပေးခြင်း ဖြစ်ပါတယ်။ ပဝါယဏာ ပြုရာမှာ (သိက္ခာ)ဝါစဉ်အလိုက် အစဉ်အဆက် ပြုလုပ်ဆောင်ရွက်တော်မူကြရပါတယ်။

ဒါဟာ မြန်မာထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့နှင့် ထေရဝါဒရဟန်းတော်တို့ရဲ့ သီတင်းကျွတ်လပြည့်နေ့မှာ ပြုမူဆောင်ရွက်ကြတဲ့ ဘာသာရေးပွဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ကွက်၊ ကျေးရွာထဲမှာ အသက်အရွယ်ကြီးရင့်သူ အဘိုးအို၊ အဘွားအိုတို့ကိုလည်း စာရင်းကောက်ယူပြီး သက်ကြီးပူဇော်ပွဲအဖြစ် ကျင်းပကြတာကိုလည်း မြင်တွေ့ကြရမှာပါ။ မုတ်သုံနှောင်းပိုင်းကာလ ရာသီဥတုသာယာကြည်လင်တောက်ပချိန်မှာ တောရော၊ မြို့ပါ ဆီမီးဖယောင်းတိုင်များ၊ လျှပ်စစ်မီးရောင်စုံများ ထိန်ထိန်လင်းလျက် တရားဓမ္မသံများ သာယာနာပျော့ပျယ်ကြားနေရတဲ့ ဒီသီတင်းကျွတ်ကာလ ခါသမယမှာ မြန်မာဗုဒ္ဓဘာသာဝင်များအဖို့ ပျော်မဆုံး၊ မော်မဆုံး တပြုံးပြုံးကာလပဲ ဖြစ်ပါတော့တယ်ခင်ဗျား။

အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)

အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အသိပညာပေး Talk Show ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အသိပညာပေး Talk Show ကျင်းပသည်။

အဆိုပါ Talk Show တွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးထွန်းက အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ 'အဓမ္မခိုင်းစေမှုဆိုသည်မှာ အဘယ်နည်း' အကြောင်း၊ 'တိုင်ကြားခြင်းဖြင့် မည်ကဲ့သို့သော ရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ' အကြောင်းနှင့် 'အဓမ္မခိုင်းစေမှုပပျောက်ရေး' အကြောင်းများကို ဆွေးနွေးသည်။

ထို့ပြင် 'အယ်လ်နီညိုကာလ မီးဘေးအန္တရာယ် လူတိုင်းအလေးဂရုပြုကာကွယ်' ခေါင်းစဉ်ဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးနှင့် 'မူးယစ်ဆေးဝါး အန္တရာယ်နှင့်လူငယ်များ၏အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၅၀၅)



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

လူထုအခြေပြုပဟိုဌာနတွင် လူငယ်စာဖတ်ပိုင်းကျင်းပ



မိုင်းတုံ အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနတွင် စာရေးဆရာ ကလောင်စုံရေးသားပြုစုထားသော စာဖတ်သူအကြိုက် တာဝန်သိစိတ်၊ တာဝန်ယူစိတ်စာအုပ်ဖြင့် ယမန်နေ့ညနေပိုင်းက လူငယ်စာဖတ်ပိုင်းကျင်းပသည်။

ရှေးဦးစွာ မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က လူငယ်စာဖတ်ပိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ လူငယ်စကားပိုင်းတွင် မအေးအေးအောင် ဦးဆောင်၍ တာဝန်သိစိတ်၊ တာဝန်ယူစိတ် စာအုပ်နှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးပြီး ဤစာအုပ်သည် အခန်း(၂၅)ခန်း၊ စာမျက်နှာအား ဖြင့် ၂၁၁ ပါရှိကာ စာဖတ်ခြင်းသည် ဘဝကိုတည်ဆောက်ခြင်း ဖြစ်ကြောင်း၊ လူအချင်းချင်း အထင်မသေးပါ နဲ့၊ မိမိကိုယ်ကို ယုံကြည်မှုရှိပါ၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ကြိုးစားအားထုတ်မှု၏ ရလဒ်များသည် မဖြစ်မနေလူငယ်တို့၏ လမ်းမှန်ကို ညွှန်ပြနေကြောင်း၊ လူငယ်များ ဖတ်သင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည့်အတွက် လေ့လာဖတ်ရှုပြီး အသိပညာဗဟုသုတ ရစေသည့်အပြင် လူငယ်တို့၏ အနာဂတ်အတွက် အကျိုးရှိစေသည့်စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း အကြံပြုသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင်ပါဝင်သည့် လူငယ်များက စာရေးဆရာ ကလောင်စုံရေးသားသည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ် စာအုပ်ကို အပြန်အလှန်ဆွေးနွေးပြီးနောက် သုတ၊ ရသစာအုပ်၊ စာစောင်များ ပြသရာ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေး Talk Show ကျင်းပ

မန္တလေး အောက်တိုဘာ ၂၃

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အယ်လ်နီညို သဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူချိန်မြင့်တက်လာခြင်းကြောင့် အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ အများပြည်သူ သိရှိနိုင်စေရန်ရည်ရွယ်၍ ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေး Talk Show ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာပုံ၊အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ၊ ရှောင်ကြဉ်ရမည့် အချက်များ၊ အပူဒဏ်ကြောင့် သတိပြုရမည့်အချက်များ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းများ ဖြစ်ပေါ်ပါက ရေးဦးပြုစုနည်းနည်းလမ်းများကို မေးမြန်းရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပွင့်ဦးအိမ်က အပူဒဏ်ရှောင်ကြဉ်ရမည့်နည်းလမ်းများနှင့် ကြိုတင်ကာကွယ်နေထိုင်နည်းတို့ကို တစ်ချက်ချင်း ပြန်လည်ဖြေကြားခဲ့သည်။



အဆိုပါ ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေး Talk Show အစီအစဉ်ကို အများပြည်သူ လေ့လာသိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန MOI Website၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Face-book Page၊ Telegram နှင့် Tik Tok Channel တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

အလင်းသစ်

ဖတ်စရာ၊ မှတ်စရာ ခုံလင်း

တို့ကျေးရွာ သီတင်းကျွတ်ည

* ကြာမျိုးစုံ ဖူးငုံပွင့်
ထူးတင့်တဲ့ "တူ"ရာသီ
"ကိုကြီး"က ထွန်ညှိပြီ
စိစိရီ ရောင်စုံမီး။
* ရွာထဲဆီ မှန်းမျော်ဆတော့
ရမ်းရော်တ တမြိုင်မြိုင်
ဗုံသံက လှိုင်
တောင်ပိုင်းနဲ့ မြောက်ပိုင်းပြိုင်
ဘယ်သူနိုင်၊ အပြိုင်တီး။
* "အဖေကြီး"ဝါးနှီးဖြာ
အိမ်ရှေ့မှာ ဝါးတိုင်စိုက်
"ကြယ်ရောင်ဖြာ"ရောင်စဉ်လင်းအောင်
ဆီမီးဝါ ထိန်ထိန်ထွန်းလို့
ဝင်းပတဲ့ည။
* "အမေကြီး"ရဲ့"စေတနာ
ရွာထဲမှာ ဝေရှာဖို့
"ချင်းသုပ်တွေ" ပဲဆီဆမ်းပါလို့
လရောင်ဖြာ ရွာလယ်လမ်းမှာ
စားပါစေ ဆယ်ခါလွမ်းတော့
လက်စွမ်းတွေပြ။
* ဟိုမှာလေ မြင်ပါစ
စောင်းတန်းက သုံးသွယ်
မီးပုံးလု ရောင်စုံခြယ်
နတ်ပြည်နယ် မှန်းရည်စွဲ။
* မြန်းကြစို့ရှင်
လှမ်းဖို့ရာ ပြင်ပါတော့
သွေးရင်းချာ မောင်နမတွေက
"လမင်းသာ"သည်တစ်ည်မှာ
ဘိုဘွားဆွေ ဦးနှိမ်ချလို့
ပျော်ကြတဲ့ပွဲ။ ။

မြတ်လင်းသူ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့အနီး၌ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၃၆၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၉၅ ဦးနှင့် အမျိုးသမီး လေးဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၁၀၀ အနံပေ ၅၀ ရှိ သွပ်မိုးသွပ်ကာအဆောက်အအုံတစ်လုံးအတွင်းမှ All in One ကွန်ပျူတာ ၁၃ လုံး၊ ဖုန်းမျိုးစုံ ၁၉၃ လုံး၊ StarLink နှစ်လုံး၊ စားပွဲ ၂၃ လုံး၊ ထိုင်ခုံ ၉၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့နယ်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လုံမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနိုင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက် လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူး အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စီစစ်ဆုံးဖြတ်ရေးကော်မတီအစည်းအဝေးကျင်းပ

မကွေး အောက်တိုဘာ ၂၃

တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စီစစ်ဆုံးဖြတ်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဝင်ငွေတိုးစိမ်ကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာန တာဝန်ရှိသူများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က(၂/၂၀၂၆-၂၀၂၇)အစည်းအဝေးတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များက လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုချထားပေးနိုင်ရေး အတွက် လျှောက်ထားလာမှုအခြေအနေအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းမှတ်ပုံတင်စီစစ်ဆုံးဖြတ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အစည်းအဝေးတွင် တင်ပြလျှောက်ထားလာသော ဝင်ငွေတိုးလုပ်ငန်းရှင် ၃၅ ဦး၊ ပြင်ပလုပ်ငန်းရှင် ၁၃၅ ဦး၊ စုစုပေါင်း ၁၇၀ ဦး၏ အချက်အလက်များအား သတ်မှတ်စည်းကမ်းချက်များနှင့် အညီ အထောက်အထား အချက်အလက် ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စိစစ်၍ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေး အတွက် ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

--*-*-*-*-*



ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး (Talk Show) ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၁ ရက်က "ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးနှင့် ကျောင်းနေအရွယ်များအားလုံး ကျောင်းတက်ရေး" ခေါင်းစဉ်ဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး(Talk Show) ကျင်းပရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးထွန်းက ကလေးများကို အလုပ်သမားများအဖြစ် ခိုင်းစေခြင်းက ကလေးများ၏ အနာဂတ်အလား အလာများကို မှေးမှိန်ပျက်စီးစေကြောင်း၊ ပညာသင်အရွယ်တွင် အလုပ်လုပ်ခိုင်းခြင်းဖြင့် ကလေးသူငယ်အခွင့်အရေးကို ချိုးဖောက်ခြင်းလည်းဖြစ်ကြောင်း၊ ပညာသင်ကြားနေရမည့် ကလေးများကို ကောင်းစွာပညာသင်ကြားလေ့ကျင့်ပေးခြင်းအားဖြင့် နိုင်ငံ၏အနာဂတ်အတွက် လူစွမ်းအား အရင်းအမြစ်ကောင်းများ ရရှိစေသကဲ့သို့ ကလေးငယ် တစ်ဦးချင်းစီ၏ အနာဂတ်အတွက်လည်း ပိုမိုမြင့်မားကောင်းမွန်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းထွက်နှုန်းမြင့်မားနေခြင်းသည် မိသားစုအလုပ်ကို ကူရန် အထွက်ဟူသော အကြောင်းပြချက်ဖြင့် အများဆုံးဖြစ်ရာ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးတို့အတွက် ကဏ္ဍအသီးသီးတို့မှ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၅)

မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာငွေများ လစဉ်ပုံမှန်ထုတ်ပေး

မြစ်သား အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အောက်တိုဘာလအတွက် ပင်စင်လစာငွေများကို အောက်တိုဘာ ၂၁ ရက် နံနက် ၅ နာရီမှ စတင်၍ ထုတ်ပေးလျက်ရှိရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာ လာရောက်ထုတ်ယူရာတွင် အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန်အတွက် ဘဏ်ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားဝန်ထမ်းများကို လစဉ် ၂၁ ရက်မှ ၂၅ ရက်အထိ၊ အငြိမ်းစားများအား နံနက် ၅ နာရီမှ စတင်ထုတ်ပေးမည်ဖြစ်ပြီး ကျန်ရက်များတွင် နိုင်ငံ့ဝန်ထမ်းလစာ ထုတ်ပေးသည့်နေ့အထိ နံနက် ၆ နာရီမှစ၍ ထုတ်ပေးသွားမည်ဖြစ်သည်။ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်း ဘဏ်ဖွင့်ချိန်တွင် တုံကင်ထပ်စနစ်ဖြင့် သတ်မှတ်၍ ထုတ်ပေးလျက်ရှိပြီး အငြိမ်းစားပင်စင်စားများ လာရောက်ထုတ်ယူလျက်ရှိကြောင်း၊ ပင်စင်လစာငွေများထုတ်ယူရာတွင် ပင်စင်စားဝန်ထမ်းများအနေဖြင့် ကိုယ်တိုင် သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့် ၄င်းတို့ မိသားစုဝင်တစ်ဦးမှ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားလှယ်ရောက်ထုတ်ယူလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အောက်ပုံ)

ဝါဝါမြင့်(မြစ်သား)



သန့်ရှင်းသာယာမွန်လာ ဝိုင်းဝန်းထိန်းသိမ်းပါ။

စားသုံးဆီကိုယ်စားလှယ်ဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မတ္တရာ အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်အတွင်းရှိ စားသုံးဆီရောင်းချသော ကိုယ်စားလှယ်ဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝင်းမာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းစိုးနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့မဈေးရှိ စားသုံးဆီ ကိုယ်စားလှယ်ဆိုင်တွင် ပြည်သူများအား အိမ်ထောင်စုအလိုက် သတ်မှတ်ခွဲတမ်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့် အလေးချိန် ပြည့်ဝစွာ ရောင်းချခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး အရည်အသွေး ပြည့်မီသော ဆီများကိုသာ ရောင်းချရန်နှင့် စားသုံးရန် မသင့်သော ဆီများ ရောင်းချမှုမရှိစေရေးတို့ကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

ရွှေရာသား

--*-*-*-*-*



ကလေးငယ်များအား ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်းကို အများပြည်သူ သိရှိနိုင်ရန်အတွက် လိုက်လံအသိပေး

ဟားခါး အောက်တိုဘာ ၂၃

နိုင်ငံတစ်နှံ့လုံးတွင် အသက်ကိုးလမှ ငါးနှစ်အောက်အရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့ရှိ ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးမည့် စုရပ်များကို သိရှိနိုင်ရန်အတွက် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ဟားခါးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် လိုက်လံနှိုးဆော်အသိပေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်းကို အသက်ကိုးလမှ ငါးနှစ်အောက်အရွယ် ကလေးငယ်များကို ထိုးနှံပေးသွားမည်ဖြစ်ပြီး အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး အချိန်မီလာရောက် ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးထိုးမည့် စုရပ်များဖြစ်သည့် မိခင်နှင့်ကလေးကျန်းမာရေးဌာန (MCH)၊ ဇီအုန်နှစ်ခြင်းအသင်းတော်၊ မက်သဒစ်အသင်းတော်၊ ဟားခါးမြန်မာနှစ်ခြင်းအသင်းတော်၊ ဖလမ်းမိတ်သဟာယဘုရားကျောင်းတို့တွင် အောက်တိုဘာ ၁၉ ရက် မှ ၂၃ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်၊ ရိုးရှင်းပြီး ထိရောက်သည့် ကြိုတင်ကာကွယ်ရေးနည်းလမ်းပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း ဟားခါးမြို့ရှိ လူစည်ကားရာနေရာများဖြစ်သည့် ဗိုလ်ချုပ်လမ်းမကြီး နှင့် ရာလ်ဒွန်းစျေးတို့တွင် ဖြန့်ဝေပေးလျက်ရှိသည်။ **(အောက်ခံပုံ)**

အဆိုပါ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း ကြိုတင်ကာကွယ်ရေးနည်းလမ်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဟားခါးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

kwo(ဟားခါး)

ကြော်ငြာစာ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၂)၊ ဦးပိုင်အမှတ်(၄၉)၊ ၆ဧလမ်းနှင့် ၆၉လမ်းကြား၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ဦးတွမ်ချမ်မြင့်(ခ)ဦးလှတင်၊ ခေါ်အေးစိန် အမည်ပေါက် ဂန္ဓမြေကွက်အား (၈၁၄)ဦးတွမ်ချမ်မြင့်(ခ)ဦးလှတင်(ခ)စိုင်းလှတင်၊ (၆၁၄)ခေါ်အေးစိန်နှင့်တို့ ကွယ်လွန်ပြီး (သမီး)ခေါ်ခင်ဌေး၊ ခေါ်မြင့်မြင့်ဝိုမှာ နိုင်ငြားသားခံယူသွားခဲ့ပါသဖြင့် ကျန်ရစ်သူသမီးများဖြစ်ကြသော ခေါ်အေးအေး(၉/မနမ(နိုင်)၀၃၁၀၉၄)၊ ခေါ်နုန်း(၉/မရမ(နိုင်)၀၀၆၀၈၃)၊ ခေါ်မိုးမိုးနိုင်(၉/မရမ(နိုင်)၀၀၆၀၈၄)တို့က ဂန္ဓရှိစာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကိုနိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသော အဆောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြင်ဆင်ဖတ်ရှုပါရန်

(၂၂-၁၀-၂၀၂၆)ရက်ခွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၂ တွင် အကွက်(တတ-၄၉)၊ ဦးပိုင်အမှတ်(၄၆) အများသိစေရန် ကြေညာစာတွင် အကွက်(တတ-၄၉)၊ ဦးပိုင်အမှတ်(၄၆-၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြေပုံ/မြေရာဝင်ရေးထူးခွင့် **ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျောက်ထားသူ အမည်/မှတ်ပုံတင်	လျောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်အိအိဇာ(၉/ဗဟန(နိုင်)၀၀၂၆၉၁)၊ ဒေါ်ဇာဇာထွန်း(၉/ဒအဇ(နိုင်)၀၆၀၉၀၁)၊ ဦးထွန်းလင်းအောင်(၉/ဒအဇ(နိုင်)၀၆၀၉၀၂)၊ ဦးသန်းလင်းထွန်း(၉/ဒအဇ(နိုင်)၀၆၃၅၅၆)	ရာလမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့	ဦးမောင်မောင်ထွန်း	ချမ်းအေးသာစံ	၅၅၈	၈၁-က+၈၂-ခ+၈၂-ဃ	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်အေးအေး(၉/မနမ(နိုင်)၀၃၀၀၉၄)၊ ဒေါ်နုန်း(၉/မရမ(နိုင်)၀၀၆၀၈၃)၊ ဒေါ်မိုးမိုးဦး (၉/မရမ(နိုင်)၀၀၆၀၈၄)	၆၀လမ်းနှင့် ၆၉လမ်းကြား၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ပါတ်ကုန်းပျော်ဘွယ်	ဦးတွမ်ချမ်မြင့်(ခ)လှတင် (ဖေ-၂)	ချမ်းအေးသာစံ	၇၅၂	၄၉	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဒေါ်သောင်းအေး(၉/မရတ(နိုင်)၀၉၇၄၄၄)၊ ဦးမြင့်မိုင်(၉/မရတ(နိုင်)၁၂၀၆၄၄)	လမ်း၃၀နှင့် ၅၁လမ်းကြား၊ ၁၁လမ်းနှင့် ၁၁လမ်းကြား၊ မြေညီနှစ်	ဦးဆောင်ဇွင်	ချမ်းမြသာစည်	၀၀-၁၃	၃၂	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဒေါ်ခင်ဝင်းဆမ်(၁၂/မဂဒ(နိုင်)၀၁၀၃၇၈)၊ ဒေါ်ရီရီညန့်(၁၂/မဂဒ(နိုင်)၀၁၀၃၇၀)၊ ဒေါ်ခင်ခင်နု(၁၂/မဂဒ(နိုင်)၀၁၀၃၇၉)	၅၁လမ်းနှင့် ၅၇လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ ရတနာပုံ	ဝိုလ်မျိုးသာန	ပြည်ကြီးတံခွန်	၀၀-၅၆	၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဦးစိုင်းမြတ်ဝဏ္ဏထွန်း (၉/ပဇတ(နိုင်)၀၀၄၂၀၇)၊ ဦးဟိန်းမြင့်မုံထွန်း(၉/ပဇတ(နိုင်)၀၀၀၀၈၉)	၂၂လမ်းနှင့် ၂၆လမ်းကြား၊ ၉၁လမ်းနှင့် သင်္ဘောချောင်းဟတ်လမ်းကြား၊ သိရိမာလာအနောက်	ဦးစိုင်းမြတ်ဝဏ္ဏထွန်း(ဖေ-၃)	အောင်မြေသာစံ	၂၀၈	၂၁-ဃ	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဦးညီညီလွင်(၉/မရမ(နိုင်)၀၀၉၂၂၃)၊ ဒေါ်ခင်ညို(၉/ဒအဇ(နိုင်)၀၀၃၃၀၃)၊ ဒေါ်မြည့်မွန်သော်(၉/ဒအဇ(နိုင်)၀၁၅၃၀၈)	လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၃လမ်းနှင့် ၇၅လမ်းကြား၊ မောရိုပါ	ဒေါ်အမာ (ဖေ-၃)	ချမ်းအေးသာစံ	၇၁၃	၃၆-ဇ	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၇။	ဒေါ်စန်းစန်းမြ(၉/မရတ(နိုင်)၀၆၇၃၂၆)၊ ဦးသန်းလှိုင်(၉/မရမ(နိုင်)၀၂၉၇၃၆)၊ ဒေါ်ညွှန်နီ(၉/မရမ(နိုင်)၀၂၉၀၂၄)	၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ စီတွာရုမဟီ	ဦးမြင့် (ဖေ-၃)	ချမ်းအေးသာစံ	၇၂၀	၉၇	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၀။	ဒေါ်ဖိုဖိုမြင့်မောင်(၉/မဟမ(နိုင်)၀၀၆၇၄၃)၊ ဦးအာဇာမြင့်မောင်(၉/မဟမ(နိုင်)၀၀၆၇၄၂)	၄၂လမ်းနှင့် ၄၃လမ်းကြား၊ လမ်း၉၀နှင့် ၉၁လမ်းကြား၊ ချမ်းမြသာစည်မြောက်	ဦးကံမြင့် (ဖေ-၃)	မဟာအောင်မြေ	၈၄၄	(၄၀+၄၁) ခဲစင်းမြောက်ခြမ်း	ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၉။	ဦးထွန်းကျော်(၉/မရတ(နိုင်)၀၃၀၈၅၄)၊ ဒေါ်တင်တင်ဝင်း(၉/မရတ(နိုင်)၀၃၀၈၅၅)၊ ဦးအောင်ဝင်း(၉/မရတ(နိုင်)၁၁၀၈၄၂)၊ ဒေါ်လှလှဝင်း(၉/မရတ(နိုင်)၁၁၀၈၄၃)၊ ဒေါ်ဝင်းသူဇာနိုင်(၉/၁၀၈(နိုင်)၀၃၀၉၀၀)	၈၃လမ်း၊ ၆မြွန်းဝန်ဘုရားအရှေ့ဘက်အနီး၊ တမွတိ	ဦးငမြေ	ချမ်းမြသာစည်	၄၉၇	၈	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၀။	ဒေါ်နန်းဆိုင်(၁/မကတ(နိုင်)၀၂၉၃၄၀)	ခိုင်ဌေးလမ်း၊ ၇၀လမ်းနှင့် ၇၆-၇၆လမ်းကြား၊ ချမ်းမြသာစည်တောင်	ဦးကိုငြး (ဖေ-၂)	ချမ်းမြသာစည်	၉၀၂	၅၀	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဂန္ဓရုန်မြေကြော်ငြာစာ **ကန့်ကွက်လိုပါက နိုင်လုံသော အဆောက်အထားမျာ်း၊ မှတ်ပုံတင်စာချုပ်စာတမ်းမျာ်း၊ တရားရုံးဒီကရီမျာ်းဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျောက်ထားသူ အမည်/မှတ်ပုံတင်	လျောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျောက်ထားသည့် အကြောင်းအရာ	အမှတ်စဉ်အမှတ်
၁။	ဦးထွဋိုင်း(၉/မရမ(နိုင်)၀၃၉၀၇၉)၊ ဒေါ်စောကြိုင်(၉/မရမ(နိုင်)၀၃၉၀၆၉)	၁၀လမ်းနှင့် ၁၉လမ်းကြား၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ ဇေါ်နွားကွင်း	ဦးကျော်ဝင်း(ဖေ-၅)	အောင်မြေသာစံ	၁၅	၄၄-က	အမည်ပြောင်း	၃၁၁၀/၂၀၆-၂၀၂၇
၂။	ဒေါ်စန်းစန်းဝင်း(၉/ပန၀(နိုင်)၀၃၇၆၁၇)	၁၆လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ ပြည်ကြီးရုံလုံ	ဒေါ်လှမြိုင်	အောင်မြေသာစံ	၆၂	၁-က	အမည်ပြောင်း	၃၀၈၀/၂၀၆-၂၀၂၇
၃။	ဦးဆိုးဆင်းအား(၉/မနမ(နိုင်)၀၆၇၀၀)၊ ဦးဆိုးဆင်းဝင်း(၉/မနမ(နိုင်)၀၆၇၀၀)၊ ဒေါ်ချမ်မြိုင်(၉/စကန(နိုင်)၁၃၀ ၉၄၁)၊ ဒေါ်ချိုချိုမြင့်(၉/မနမ(နိုင်)၀၆၅၀၆၆)၊ ဦးအောင်ဆွန်း(၉/မနမ(နိုင်)၁၂၆၆၆)၊ ဒေါ်အေးအေးဖေ(၉/မနမ(နိုင်)၁၂၇၇၆)၊ ဦးမင်းသိန်းဌေး(၉/မနမ(နိုင်)၁၂၀၃၇၆)	၁၀လမ်းနှင့် ၁၉လမ်းကြား၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ အောင်မြေသာစံ	ဦးထွန်းဝင်း(ဖေ-၂)	အောင်မြေသာစံ	၁၂၆	၉၂	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၈၉/၂၀၆-၂၀၂၇
၄။	ဒေါ်ခင်ဝင်း(၁/မကတ)၀၅၇၅၄၄)	၁၅၀လမ်း၊ ၁၆၀လမ်းနှင့် ၁၆၁လမ်းကြား၊ ကန္တာစာမဟီ	ဦးမြဲမဲလွင်းလွင်	ချမ်းအေးသာစံ	၆၄၀	၇၇	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၉၀/၂၀၆-၂၀၂၇
၅။	ဦးစိုးမြင့်(၀/ဆဇန(နိုင်)၀၁၀၂၂၉)	၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ပဟာမြိုင်(၂)	ဦးစိုးမြင့်	ပဟာအောင်မြေ	၃-၉	၃၀+၄၇	သက်တမ်းတိုး	၃၀၉၁/၂၀၆-၂၀၂၇
၆။	ဒေါ်ရန်ဆွေဆိုင်(၁၃/လရန(နိုင်)၀၅၃၂၅၄)	၄၃လမ်း၊ ၅၂လမ်းနှင့် ပြင်ဦးလွင်-မန္တလေးကားလမ်းကြား၊ ဝဲမွန်တောင်	ဒေါ်ရန်ဆွေဆိုင်	ပဟာအောင်မြေ	မ-၁၉	၂	သက်တမ်းတိုး	၃၀၉၅/၂၀၆-၂၀၂၇
၇။	ဒေါ်သူဇာလွင်(၉/မဟမ(နိုင်)၀၄၃၀၉၅)	၄၃လမ်းနှင့် ပြင်ဦးလွင်-မန္တလေးကားလမ်းထောင့်၊ ဝဲမွန်တောင်	ဒေါ်သူဇာလွင်	ပဟာအောင်မြေ	မ-၁၉	၃	သက်တမ်းတိုး	၃၀၉၆/၂၀၆-၂၀၂၇
၀။	ဦးတင်ဝင်း(၉/ပဃက(နိုင်)၀၁၂၄၁၂)	၁၃၃လမ်းနှင့် ၁၆လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဝဲမွန်တောင်	ဦးတင်ဝင်း	ပဟာအောင်မြေ	မ-၁၈	၃၈	သက်တမ်းတိုး	၃၀၉၇/၂၀၆-၂၀၂၇
၉။	ဦးအေးကျော်(၁၂/စဃန(နိုင်)၀၆၃၆၄၇)	၅၂လမ်း၊ ၄၃လမ်းနှင့် သိပ္ပံလမ်းကြား၊ ဝဲမွန်တောင်	ဦးအေးကျော်	ပဟာအောင်မြေ	မ-၁၉	၁၀	သက်တမ်းတိုး	၃၁၀၁/၂၀၆-၂၀၂၇
၁၀။	ဦးအေးကျော်(၁၂/စဃန(နိုင်)၀၆၃၆၄၇)	မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ ၄၃လမ်းနှင့် သိပ္ပံလမ်းကြား၊ ဝဲမွန်တောင်	ဦးအေးကျော်	ပဟာအောင်မြေ	မ-၁၉	၁၁	သက်တမ်းတိုး	၃၁၀၂/၂၀၆-၂၀၂၇
၁၁။	ဦးအောင်မြင့်ကျော်(၅/ဟလ(နိုင်)၀၇၃၂၈၇)	၃၀လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ပဟာမြိုင်(၂)	ဦးအောင်မြင့်ကျော်	ပဟာအောင်မြေ	၃-၆	၅-၁	သက်တမ်းတိုး	၃၁၀၃/၂၀၆-၂၀၂၇
၁၂။	ဦးဆန်းလှိုင်(၉/ဝယန(နိုင်)၀၆၂၂၄၀)	လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဝဲမွန်တောင်	ဒေါ်ကိတာထားထားမြင့်(ဖေ-၄)	ပဟာအောင်မြေ	မ-၄၇	(၂၅+၂၈) အတွင်းမှ ၂၈-ခဲစင်း	သက်တမ်းတိုး၊ ဦးပိုင်ခဲ့၊ အမည်ပြောင်း	၃၀၉၄/၂၀၆-၂၀၂၇
၁၃။	ဒေါ်ခေါ်နွဲန္ဒး(၁၃/ကဒန(နိုင်)၀၂၇၅၆၇)	လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၅၂လမ်းနှင့် မန္တလေး-ပြင်ဦးလွင်ကားလမ်းကြား၊ ဝဲမွန်တောင်	ဒုတိုလ်မှူးကြီးလှအောင်	ပဟာအောင်မြေ	မ-၄၇	(၆၁+၆၂) အပွင့်မှ(ဝ)ခဲစင်း	သက်တမ်းတိုး၊ ဦးပိုင်ခဲ့၊ အမည်ပြောင်း	၃၀၉၂/၂၀၆-၂၀၂၇
၁၄။	ဒေါ်ခေါ်နွဲန္ဒး(၁၃/ကဒန(နိုင်)၀၂၇၅၆၇)	လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၅၂လမ်းနှင့် မန္တလေး-ပြင်ဦးလွင်ကားလမ်းကြား၊ ဝဲမွန်တောင်	ဒုတိုလ်မှူးကြီးလှအောင်	ပဟာအောင်မြေ	မ-၄၇	(၆၁+၆၂) အပွင့်မှ(ဝ)ခဲစင်း	သက်တမ်းတိုး၊ ဦးပိုင်ခဲ့၊ အမည်ပြောင်း	၃၀၉၃/၂၀၆-၂၀၂၇
၁၅။	ဦးအောင်သန်းသင်း (၉/ပဟမ(နိုင်)၀၀၉၂၀၆)၊ ဒေါ်နီနီဝင်း(၉/ဒအဇ(နိုင်)၀၃၀၀၀၅)	၃၇လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြား၊ စကြာနွယ်စဉ်	ဒေါ်ငွေဇင္ဓာဝင်း (ဖေ-၂)	ပဟာအောင်မြေ	၆၇၅	၃၅	အမည်ပြောင်း	၃၀၉၉/၂၀၆-၂၀၂၇
၁၆။	ဒေါ်ငွေဇင္ဓာဝင်း(၉/မရတ(နိုင်)၁၃၀၀၀၆)	၃၇လမ်း၊ ၇၃လမ်းနှင့် ၇၆လမ်းကြား၊ စကြာနွယ်စဉ်	ဒေါ်ငွေဇင္ဓာဝင်း(ဖေ-၂)	ပဟာအောင်မြေ	၆၇၅	၃၀	အမည်ပြောင်း	၃၀၉၀/၂၀၆-၂၀၂၇
၁၇။	ဒေါ်ငွေဇင္ဓာဝင်း(၉/မရတ(နိုင်)၁၃၀၀၀၆)	၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၇၃လမ်းနှင့် ၇၆လမ်းကြား၊ စကြာနွယ်စဉ်	ဒေါ်ငွေဇင္ဓာဝင်း(ဖေ-၂)	ပဟာအောင်မြေ	၆၇၅	၄၆	အမည်ပြောင်း	၃၁၀၀/၂၀၆-၂၀၂၇
၁၈။	ဦးဇေကောင်းညွန့်(၅/ကဒန(နိုင်)၀၆၄၁၀၅)	၁၀၆လမ်း၊ ၄၃လမ်းနှင့် ၄၄လမ်းကြား၊ ဝောင်ပင်လယ်	ဒေါ်တင်ညွှန့်မိုင်	ချမ်းမြသာစည်	ဆ၁၀-၁၀	၆	အမည်ပြောင်း	၃၁၀၇/၂၀၆-၂၀၂၇
၁၉။	ဒေါ်နန်းအေးပေါင်း(၁၃/လရန(နိုင်)၀၆၉၉၉)	၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၀)	ဒေါ်နန်းအေးပေါင်း	ပြည်ကြီးတံခွန်	တတ-၄၂	၅၄	သက်တမ်းတိုး	၃၁၀၄/၂၀၆-၂၀၂၇
၂၀။	ဦးကျိုင်းတာ(၁၃/တကန(နိုင်)၁၃၂၆၀၇)	၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၀)	ဦးကျိုင်းတာ	ပြည်ကြီးတံခွန်	တတ-၁၄	၆၅	သက်တမ်းတိုး	၃၁၀၅/၂၀၆-၂၀၂၇
၂၁။	ဦးကျိုင်းတာ(၁၃/တကန(နိုင်)၁၃၂၆၀၇)	၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၀)	ဦးကျိုင်းတာ	ပြည်ကြီးတံခွန်	တတ-၁၄	၆၆	သက်တမ်းတိုး	၃၁၀၆/၂၀၆-၂၀၂၇
၂၂။	ဦးမင်းသူ(၉/အမစ(နိုင်)၀၀၂၇၀၀)	၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၁၁၃လမ်း၊ (က)	ဒေါ်စောသိမြင့်	ပြည်ကြီးတံခွန်	လ-၄/၁	၂၂-ခဲစင်း	ဦးပိုင်ခဲ့၊ အမည်ပြောင်း	၃၁၀၇/၂၀၆-၂၀၂၇
၂၃။	ဦးအောင်စိုးနိုင်(၅/ဝဒန(နိုင်)၀၆၂၄၀၀)	လမ်း၆၀နှင့် ၆၀(စီ)လမ်းကြား၊ ၁၂၀လမ်းနှင့် ၁၂၂လမ်းကြား၊ (c)	တကတထွန်းအောင်	ပြည်ကြီးတံခွန်	ညည-၆	၄	ဧကမြို့မြေပြင်း၊ ၁၀၀ပေစီးကို အမည်ပြောင်း	၃၁၀၀/၂၀၆-၂၀၂၇
၂၄။	ဦးစိုးမြင့် (၉/မနတ(နိုင်)၀၆၆၁၂၇)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ (၀)	ဦးစိုးမြင့်	ပြည်ကြီးတံခွန်	နန-၁၉	၂	တောမှမြို့ပြင်း၊ ၁၀၀ပေစီးကို အမည်ပြောင်း	၃၁၀၉/၂၀၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အမှားသိခေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၆၈-၁၃)၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အလျဉ်းရှိ ဂရန်မြေကွက်သည် ဒေါ်ခင်စောလှိုင်(ဒ)ဦးညွှန့်အမည်ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (တောင်ဘက်အမြင်း)အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် ပေ(၃၀) အကျယ်အလျဉ်းရှိသော ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ချိုမိုးကျိန်လီ(ဘ)ဦးချိန်ဆိုင်ဖြင့်(၁၃/ကခန(နိုင်)၀၃၃၇၁၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်စိုး(LL.B) (တရားလွှတ်တော်ရှေ့နေ)
ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)
အထက်တန်းရှေ့နေများ
(နန-၁၃/၄)၊ လမ်းမ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ မြည်ကြီးတံခွန်မြို့နယ်၊
မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၁၊ ၀၉-၉၄၈၀၀၀၃၃၉

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အိုင်း(၆)၊ အကွက်အမှတ်(၄၁၃)၊ ဦးပိုင်အမှတ်(၃၅)၏ အရှေ့ဘက်ခြမ်း အရှေ့-အနောက် (၁၈)ပေ၊ တောင်-မြောက် (၄၈)ပေ အကျယ်အဝန်းရှိ ဦးသန်းရွှေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေမိတာ၊ မီးမီတာတို့မှာ ရောင်းချသူများမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဖြစ်ကြသည့် ဦးကျော်စိုးထက်(ဘ)ဦးကျော်ဌေး(၉/မဟမ(နိုင်)၀၃၁၃၈၆)နှင့် ဒေါ်စန်းစန်းရီ(ဘ) ဦးဟန်ဖေ(၁/ကမန(နိုင်)၀၃၀၈၃၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုမွန်ဝင်း (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ
အကွက်(၄၀၆)၊ သံလျက်မှော်အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၃၃၂၂၈၊ ၀၉-၇၅၃၈၆၀၆၁၀

ပျောက်ဆုံးကြောင်း

မစန်းစန်းမော်(ဘ)ဦးကြည်မိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၂၃၀၀၀၀)ကိုင်ဆောင်သူ၏ Passport No. အမှတ် MH 842290 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

မစန်းစန်းမော် (ဖုန်း ၀၉-၆၇၆၈၂၆၇၁၁)

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆ၁-၁၄)၊ ဦးပိုင်နံပါတ်(၁၃၂)ဟု ခေါ်ဝှေ့သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အလျဉ်းရှိ ဦးမော်ဝင်းနှင့် ဦးကြီးဘိုတို့ အမည်ဖြင့် ပူးတွဲမြေရောချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အလျဉ်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ခွဲဝေရရှိသူ (ခင်မွန်း)ဦးကြီးဘို ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇီး)ဒေါ်သန်း(ဘ)ဦး၀(၅/မမန(နိုင်)၀၂၇၇၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဦးတင်အောင်မိုး (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ
ဒေါ်အိအိမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင် (LL.M)
တရားလွှတ်တော်ရှေ့နေ
ဒေါ်အေးနန္ဒာထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ
ဒေါ်မာလာစိုး (LL.B)
အထက်တန်းရှေ့နေ
ဒေါ်ဂူးသန့်မွန် (LL.B)
အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၅၁၁၁၊ ၀၉-၄၄၄၀၀၆၅၇၄၆

အမှားသိခေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရုပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေဖြူခဲ့ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေဖြူခဲ့ဧရိယာ(၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်း မြေဖြူခဲ့ဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment အတွင်းရှိ တိုက်အမှတ်(၁၀)၊ (၈)လွှာ၊ အခန်းအမှတ်(၃)၊ အိပ်ခန်း(၄)ခန်း ပါရှိသည့် အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိသော (ပြင်ဆင်ပြီး)Apartment တိုက်ခန်းသည် Ownership Certificate No.0585 ဖြင့် ဒေါ်နုင်းနုဝေ(ခ)အေးချွင်း(ဘ)ဦးအိုက်ကော(၉/ခအဇ(နိုင်)၀၃၉၃၈၆)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော အမည်ပေါက် Apartment တိုက်ခန်း ဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်နုင်းနုဝေ(ခ)အေးချွင်း(ဘ)ဦးအိုက်ကော(၉/ခအဇ(နိုင်)၀၃၉၃၈၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝါဝါအောင် (LL.B) (အထက်တန်းရှေ့နေ) ဒေါ်သူဇာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)
ဖိုးလမင်း အိမ်ဖြန့်ခြေကုမ္ပဏီ
၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ကဥဏာမတီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၉၇၇၅၂၁၈၅၉၊ ၀၉-၉၇၇၅၂၁၈၅၅၇

အမှားသိခေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၅)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အလျဉ်းရှိ ဦးအောင်ရွှေနှင့် ဦးစိန်အောင်တို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြတ်မွန်(ဘ)ဦးစံတင်(၉/တသန(နိုင်)၀၁၄၀၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ယင်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမြတ်မွန် (LL.B, D.B.L, D.I.L)(တရားလွှတ်တော်ရှေ့နေ)
၁၆လမ်းနှင့် ၁၇လမ်းကြား၊ ၆၃(ဘီ)လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၀၂၇၄၀၉၂၆၊ ၀၉-၉၆၄၀၄၀၉၂၆

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ တပ်ကြီးရပ်ကွက်၊ အကွက်အမှတ်(၆၂၉)၊ ဦးပိုင်အမှတ်(၁/၂+၁/၂၃၇) မြေကွက်ပေါ်တွင် ဦးဝေလင်းအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/တဆန(နိုင်)၀၇၃၁၀၂)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့ တော်ဝင်ပိုင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အကွက်အမှတ်(၄-ဃ/၃)၊ ဦးပိုင်အမှတ်(၁-ခဲစင်း) မြေကွက်ပေါ်တွင် ဦးခင်မောင်ဌေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁/မကတ(နိုင်)၀၁၂၄၉၉)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့ တော်ဝင်ပိုင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄-ဖ)၊ ဦးပိုင်အမှတ်(၁၃၄) မြေကွက်ပေါ်တွင် ဒေါ်မိမိလှိုင်(ခ)အေးမြင့်(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/တယန(နိုင်)၀၂၁၂၄၁)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့ တော်ဝင်ပိုင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၂၃-ခ) မြေကွက်ပေါ်တွင် ဒေါ်ယဉ်မာသန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/ဝလန(နိုင်)၁၀၀၉၁၄)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့ တော်ဝင်ပိုင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(D-၃)၊ ဦးပိုင်အမှတ်(၁၃၆) မြေကွက်ပေါ်တွင် ဦးမြတ်လင်းဦး (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/ကဘလ(နိုင်)၂၀၆၆၃၀)က SS (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့ တော်ဝင်ပိုင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကဲသာယာရပ်ကွက်၊ အကွက်အမှတ်(၆-ခ)၊ ဦးပိုင်အမှတ်(၁၉) မြေကွက်ပေါ်တွင် ဦးဇော်ဝင်းနိုင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရတ(နိုင်)၀၅၅၀၆၄)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့ တော်ဝင်ပိုင်သာယာရေးကော်မတီ ။

အမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၇လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြားနေ ဦးညီညီ(ဘ)ဦးမောင်မြင့်(ခ)ဦးမြင့်ဖူ(၉/ခအဇ(ပြု)၀၀၀၃၃၁)နှင့် ဒေါ်ဝင်းကြည်(ဘ)ဦးမိုင်းဖု(၁/၀မန(နိုင်)၀၆၂၁၃၉)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။



မှတ်ပုံတင်စာချုပ်အမှတ်(၃၁၄၅/ ၂၀၂၃)

ကျွန်ုပ်၏မိတ်ဆွေမှ **'ARROW' GUY FASHION** အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ အမည်အမှတ်တံဆိပ်မှတ်ပုံတင်မြှင်းဟကြေညာစာတမ်းစာချုပ်အမှတ်(၃၁၄၅/၂၀၂၃)အရ ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ **'ARROW' GUY FASHION** အမည်အမှတ်တံဆိပ်ဖြင့် 'အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုးနှင့် အသုံးဆောင်ပစ္စည်းအမျိုးမျိုး' တို့ကို ဖွင့်လှစ်ရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အထူးအားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ **'ARROW' GUY FASHION** အမည်အမှတ်တံဆိပ်ဖြင့် 'အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုးနှင့် အသုံးဆောင်ပစ္စည်းအမျိုးမျိုး' အမည်အမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားဘာသာစကားတို့ဖြင့်သော်လည်းကောင်း၊ တုပပြီး ကျွန်ုပ်မိတ်ဆွေနှင့် ကုန်ပစ္စည်းတူများကိုထုတ်လုပ်ရောင်းချခြင်း၊ အသုံးပြုလုပ်ကိုင်ခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မြတ်သွင် ဒေါ်မေသူမြင့် ဒေါ်ရတနာထွန်း

တရားလွှတ်တော်ရှေ့နေများ

၈၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၉၇၅၇၀၄၃၄၉၊ ၀၉-၇၇၀၀၀၃၄၇၆

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်ုပ်လုံရပ်ကွက်၊ အကွက်အမှတ်(၇၆)၊ ဦးပိုင်အမှတ်(၄-က)၊ ဧရိယာ တောင်မြောက်(၁၁၄-ပေ)၊ အရှေ့အနောက်(၁၅၁-ပေ)အကျယ်အဝန်းရှိ ဒေါ်စန္ဒာမြင့် အမည်ပေါက် ဘိုးဘဝိုင်မြေကွက်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်လှည့် မျက်နှာစာ အရှေ့အနောက်(၁၅၅-ပေ)၊ တောင်မြောက်(၈၀-၄၀)အကျယ်အဝန်းရှိ ဘိုးဘဝိုင်မြေကွက်အစိတ်အဝိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ မြေပေါ်မြေအောက် နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဒေါ်အေးအေးခိုင်(ဘ)ဦးဌေးမြင့်(၉/မနမ(နိုင်)၁၂၀၀၇၇)က ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စဉ်လဖြည်(ဥပဒေဘွဲ့)

ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ဝိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ (ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လွိုင် (ဥပဒေဘွဲ့)

တရားလွှတ်တော်ရှေ့နေများ

ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)

အထက်တန်းရှေ့နေ

ရုံးခန်း-လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၃၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈/ခ)၊ ဦးပိုင်အမှတ်(၆၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးညွန့်စိန်(ဘ)ဦးမြဒင်အမည် ဖြင့် လ၊နှ(၃၉)ရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးမိုးသီဟ(ဘ)ဦးမြင့်ဝင်း(၁၂/ကမန(နိုင်)၀၉၁၀၆၀)ကိုဆောင်းသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ

ဦးမြတ်နိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)

(အထက်တန်းရှေ့နေများ)

(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃လမ်းနှင့် ၁၄လမ်းကြား၊ (၈)ရပ်ကွက်၊ မြည်ကြီးတံခွန်မြို့နယ်၊

မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၂၇၆၃၄၊ ၀၉-၄၈၀၀၀၃၇၊ ၀၉-၇၇၇၂၀၀၂၅၂၊ ၀၉-၂၇၂၁၈၅၆

အများသိစေရန် အသိပေးကြေညာခြင်း

